...နုံးအောင

...လေးများတွက် နိပါတ်တော်ဝတ္ထုများ

ပုံတော်စုံ·အမှတ်(၂)



၁၀၉၂

၁၅ ၈ ၇၄

ပညာအလင်းပြစာအုပ်ဆိုင်
၈၃၀-ဗိုလ်ချုပ်လမ်း-ရန်ကုန်မြို့။

၁၉၈၉၄

ရှိန်း ဓအ၁ဋ

# ကလေးများတွက် နိပါတ်တော် ဝတ္ထုများ

## ပုံတော်စုံ အမှတ်(၂)

........o........

လက်လီ လက်ကား အရောင်းဌာန

လင်းမောင် 'လင်းဝင်းမင်း'စာပေ၊ အမှတ် ၁၅၈၊ ၃၃ လမ်း၊ ရန်ကုန်မြို့။

ပထမ အကြိမ် ၁၉၈၂-ခု၊ ဧပြီလ
အုပ်ရေ ၄၀၀၀
တန်ဖိုး ၅ ကျပ်
ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ်(၆၈၃)
မျက်နှာဖုံးနှင့် အတွင်းပုံများ ပုံနှိပ်ခွင့်ပြုချက် အမှတ်(၆၈)
မျက်နှာဖုံး- အုန်းပင်တိုက်

**ထုတ်ဝေသူ**

ဦးသန်းညွန့် (မောင်နှင်းရည်) မှတ်ပုံတင်အမှတ် (၀၁၀၉၂) တိုးမြင့်အောင်စာပေ။
အမှတ် (၈၈)၊ ခေမာသီ ၃-လမ်း၊ ဆ/ရပ်ကွက်၊ မြောက်ဥက္ကလာပ။

**ပုံနှိပ်သူ**

(ယခင် အုန်းပင်) ယခု ဟိန်းစိုး စာပုံနှိပ်တိုက်၊ အမှတ် ၁၅၈၊ ၃၃ လမ်း၊ ရန်ကုန်မြို့။
မှတ်ပုံတင်အမှတ် (၀၁၄၈၄) ဦးအေးကိုက ပုံနှိပ်ပါသည်။

# ဆောင်ပုဒ်

## လာလတံ့ဘေး၊ ရှုမျှော်တွေး
## ကြောက်ရေး ပြုအပ်စွ။

ကလေးတို့ရေ....ဒီဆောင်ပုဒ်လေးရဲ့အကြောင်း ဝတ္ထုဇာတ်ကြောင်းလေးကို ပြောပြမယ်နော်။

ဟို....ရှေးရှေးတုန်းက ဂဠုန်တို့ နဂါးတို့ဆိုတာ ရှိကြသတဲ့။

အင်း....ကလေးတို့ရေ၊ ဂဠုန်ဆိုတာ မြင်ဖူးကြသလား၊ ဂဠုန်ဆိုတာ နှုတ်သီးနဲ့ အတောင်နဲ့ ငှက်လိုပေါ့၊ ဒါပေမယ့် ငှက်ကဲ့သဘော ဆောင်ပေမယ့် ငှက်လိုတော့ မဟုတ်ဘူးတဲ့။ သူက တန်ခိုးဣဒ္ဓိပါတ်တို့နဲ့ ပြည့်စုံသတဲ့၊ တန်ခိုးရှိတယ်လို့ ပြောရမှာပေါ့၊ အဲဒီ ဂဠုန်က သေးသေးလေး လုပ်လို့ရတယ်၊ ကြီးကြီးလဲ လုပ်လို့ရတယ်ဆိုပဲ။

ကဲ....ဂဠုန်အကြောင်း သိပြီဆိုတော့ နဂါးရဲ့အကြောင်းကိုလဲ သိဖို့လိုတယ် မဟုတ်လား။ နဂါးဆိုတဲ့အကောင်က မြွေလိုပဲပေါ့၊ မြွေနဲ့ဆင်တယ်၊ ဒါပေမယ့် မြွေလို့ ပြောမရဘူး၊ နဂါးက ကိုယ်အနေအထား မြွေလိုပဲ၊ ခေါင်းမှာ အမောက်တွေ ပါတယ်၊ အမောက်ရဲ့အရောင်က အနီရဲရဲ၊ သိပ်ပြီး လှတဲ့အရောင်ပေါ့။

အင်း....သူကလဲ တန်ခိုးကြီးတာပဲ၊ ဂဠုန်လို သေးသေးလေးလဲ လုပ်လို့ရတယ်၊ အကြီးကြီးလဲ လုပ်လို့ရတယ်၊ သူနေတာက ပင်လယ်သမုဒ္ဒရာအောက်မှာ၊ သူ့ပြည်နဲ့သူ သီးသန့်နေတာ၊ တန်ခိုးနဲ့နေတာ၊ သူတို့ရဲ့သဘာဝလို ပြောရမှာပေါ့။

သစ်ပင်တွေ့ တောတောင်တွေမှာလဲ အပိုင်စားလိုသဘောမျိုးနဲ့ နေတတ်ကြသတဲ့၊ သူတို့က မြွေလို လူတယောက်ကိုပဲဖြစ်ဖြစ်၊ နွားကိုပဲဖြစ်ဖြစ် ပါးစပ်နဲ့ကိုက်ဖို့ မလိုဘူး၊ သူတို့ရဲ့မျက်စိနဲ့ မျက်စောင်းထိုးလိုက်တာနဲ့ လူတို့ နွားတို့ဟာ ပြာကျသွားတယ်။

ကလေးတို့ရေ...ပြာကျသွားယင် သေပြီပေါ့နော်၊ ပြာတောင်ဖြစ်သွားတဲ့ဥစ္စာ မဟုတ်ဘူးလား။

အင်း....ဒါကြောင့် နဂါးကို သိပ်ကြောက်စရာကောင်းတဲ့သတ္တဝါလို့ အသိအမှတ်ပြုထားကြတယ်နော်။

နဂါးရဲ့ မျက်စိမျက်လုံးနဲ့ မျက်စောင်းက လူတိုင်း၊ သတ္တဝါတိုင်းကို မထိုးပါဘူးတဲ့၊ အကြောင်းသုံးပါး ညီညွတ်မှ ထိုးလိုယင် ထိုးတယ်။

ဒါကိုရည်ရွယ်ပြီးတော့ စကားဖြစ်လာတာကွယ့်၊ ကလေးတို့ မှတ်ထားကြနော်။



[ဂဠုန်နှင့်, နဂါးပုံ]

ကဲ....ထားပါတော့၊ အဲဒီတော့ ဂဠုန်တကောင်ဟာ သမုဒ္ဒရာထဲက နဂါးကို ဖမ်းယူပြီး စားဖို့ ချီလာတယ်တဲ့၊ နဂါးကို ဂဠုန်က သိပ်ကြိုက်တယ်၊ နဂါးဟာ ဂဠုန်ရဲ့အစာဖြစ်တယ်၊ နဂါးကလဲ ဂဠုန်ဆိုယင် သိပ်ကြောက်တယ်။

အဲဒီဂဠုန်ဟာ နဂါးရဲ့ 'ခေါင်း' ပိုင်းကနေပြီး ခြေထောက်နဲ့ ကုတ်ချီလာတော့ ကိုယ်ပိုင်းနဲ့အမြီးပိုင်းဟာ အောက်မှာ တွဲလောင်း-တွဲလောင်းနဲ့ နေမှာပေါ့နော်။

အင်း....ဂဠုန်ဟာ သမုဒ္ဒရာထဲကနေပြီး တောတောင်ကိုဖြတ်၊ သူ့လိုချင်တဲ့နေရာ အရောက် ချီလာခဲ့တယ်။

တောကြီးတခုကိုဖြတ်ပြီး ချီလာတော့ အဲဒီတောထဲမှာ ညောင်ပင်ကြီး အကြီးကြီး ရှိတယ်၊ ဒီညောင်ပင်ကြီးပေါ်က ချီလာတဲ့အတွက် နဂါးက သူ့အမြီးနဲ့ ညောင်ပင်ကြီးကို ရစ်ပတ်ထားလိုက်တယ်၊ နဂါးက သေမှာကြောက်လို့ ဖက်လိုက်တာနော်။

ဂဠုန်က အားကြီးတယ်မဟုတ်လား၊ ညောင်ပင်ကြီးဟာ အမြစ်ကကျွတ်ပြီး ပါလာပြန်ရော၊ နဂါးကလဲ မလွှတ်ဘူးတဲ့။



[ဂဠုန်, နဂါးနှင့် ခါငှက်များ]

ညောင်ပင်ပေါ်မှာ ခါငှက်ကလေးတကောင်က နားနေတော့ ညောင်ပင်ကြီး အမြစ်က ချက်ချင်း ကျွတ်ပါလာတဲ့အတွက် ခါငှက်လဲ ပျံသွားချိန်မရပဲ ညောင်ပင်ပေါ်မှာ နားနေရက်နဲ့ ပါလာခဲ့တယ် ဆိုပဲ။

အတော်လေးကြာတော့ ဂဠုန်ဟာ လက်ပံပင်ကြီးတပင်ပေါ်မှာ နားလိုက်ပြီး နဂါးရဲ့ဝမ်းပိုက်ကို ခွဲကာ နဂါးဝမ်းထဲက နဂါးဆီကို စားသောက်လိုက်သတဲ့၊ နဂါးလဲ သေသွားရောတဲ့ကွယ်။

စောစောတုန်းက ညောင်ပင်ထဲမှာ ဘာပါလာသလဲ၊ ကလေးတို့ မှတ်မိကြသလား၊ အင်း....ခါငှက်ကလေးတကောင် ပါလာတယ်နော်။

ခါငှက်ကလေးဟာ ညောင်ပင်ကနေပြီး ဂဠုန်နားနေတဲ့ လက်ပံပင်ကြီးပေါ်ကို ပြန်တက်ပြီး နားနေလိုက်တယ်။

ဒီလက်ပံပင်မှာ 'ရုက္ခစိုး' နတ်တပါး နေထိုင်တဲ့အပင် ဖြစ်တယ်၊ နတ်က နဂါးကို ဂဠုန်ချီလာပြီး စားနေတာကို ကြည့်နေတယ်။

ခါငှက်ကလေးက သူ့အပင်ပေါ်မှာနားတော့ ရုက္ခစိုးက သိပ်ပြီး စိတ်ဆိုးတာပဲတဲ့။

ကလေးတို့ရေ....အဲဒီနတ်ဟာ ဂဠုန်တို့ ဘာတို့ နားနေတာကို သဘောကောင်းကောင်းနဲ့ကြည့်နေပြီး၊ ဒီ ခါငှက်နားတော့မှ ‘စိတ်ဆိုးတော့’ အကြောင်းတခုတော့ ရှိမယ်ထင်တယ် နော်။

ကဲ....ဒါကြောင့် ‘လက်ပံပင်ကြီးကို သွက်သွက်ခါအောင် လှုပ်လိုက်တယ်၊’ အဲဒီလို လှုပ်တော့ အပင်ပေါ်မှာရှိတဲ့ ဂဠုန်လဲ ယိမ်းထိုးနေတာပေါ့၊ ဒီတော့ ဂဠုန်က စဉ်းစားတယ်။

“အင်း....စောစောက၊ ငါ....နဂါးယူပြီး စားတုန်းကလဲ ဒီအပင်ဟာ မလှုပ်ဘူး၊ ခုမှ ခါငှက်ကလေး နားတော့မှ သွက်သွက်ခါအောင် လှုပ်တယ်၊ သည်းမခံဘူး” ပေါ့။

အဲဒီလို ဂဠုန်က စဉ်းစားမိတာနဲ့ လက်ပံပင်စောင့်နတ်ကို ခုလို မေးလိုက်သတဲ့။

“အသင် လက်ပံပင်စောင့်နတ်၊ စောစောတုန်းက ကျွန်ုပ်ဟာ နဂါးကိုချီလာပြီး နဂါးကို စားခဲ့တယ်၊ ဒါကို အသင်နတ်က ကြည့်နေပြီး သည်းခံခဲ့တယ်၊ ခု....ဒီ ခါငှက်လေး နားမှ ဘာပြုလို့ သည်းမခံပဲ အပင်ကြီး လှုပ်ယမ်းပစ်ရသလဲ၊ ဒီ ခါငှက်လေးဟာ သေးသေး ငယ်လေးပါ၊ သူ့ အလွန်ဆုံးရှိမှ ဘဲဥလောက်ပဲ ရှိတာဗျ” လို့ မေးသတဲ့၊ ဒီတော့ နတ်က....

"ဟုတ်တယ်....ဟုတ်တယ်၊ ခင်ဗျားကိုကို ကျုပ် ကြည့်နေတာက ခင်ဗျား တို့က ဘာမှ ပြဿနာမဖြစ်ဘူး၊ အကောင် ဘယ်လောက်ပဲရှိရှိ ကျုပ် နေနိုင်တယ်၊ ဒီ ခါငှက်က ဘဲဥလောက်ရှိပေမယ့် နောက်ကျယင် ကျုပ်ကို ဒုက္ခပေးမှာ၊ သင်ဂဠုန် သိရဲ့လား"လို့ပေါ့၊ 'ဒေါနဲ့မောနဲ့ စိတ်ထဲ သိပ်မကောင်းတာနဲ့ ပြန်ပြောလိုက်တဲ့အခါ....

ဂဠုန်က....

"ကျုပ်မသိလို့ပါ၊ ပြောပြပါအုံး"လို့ ထပ်မေးလိုက်တယ်၊ နတ်က အခုလို သေသေချာချာ ရှင်းပြလိုက်သတဲ့ကွယ်၊ ကလေးတို့ရေ မှတ်ထားနော်၊ နတ်က ဘယ်လို ရှင်းပြလိုက်သလဲဆိုယင်....

"ဒီခါငှက်လေးဟာ ခင်ဗျားပြောသလို သေးသေးလေးပဲ၊ ဒါပေမယ့် ကျုပ်ရဲ့ လက်ပံပင်မှာ နားပြီး ဒီအတိုင်းမနေဘူး၊ တော်ကြာ ချီးပါချမှာ၊ သူ့ချီးထဲမှာ ပညောင်ပင်တို့၊ ညောင်ကြတ်ပင်တို့၊ ညောင်မုတ်ဆိတ်တို့ အစရှိတဲ့ အပင်က အစေ့တွေပါလာပြီး အပင်ပေါက်ယင် မကြာခင် ကျုပ်ရဲ့လက်ပံပင်ကို မျိုသွားမှာပေါ့၊ ဒါကြောင့် ရှေ့လာမယ့်ဘေးကို တွေ့မြင်လို့ ကျုပ် တုန်လှုပ်လိုက်တာ၊ နတ်က ပြောပြလိုက်တော့ ဂဠုန်က....



[ဂဠုန်သည် ရက္ခစိုးအား မေးမြန်းနေပုံ]

ပါဝေဖ

"အသင် နတ်မင်းပြောတာ မှန်ပါတယ်၊ ရှေ့မှာ တွေ့ကြုံရမယ့် ဘေးအန္တရာယ်ကို မြော်မြင်တတ်ပေတယ်"လို့ ဂဠုန်က ချီးကျူးလိုက်သတဲ့။

ကလေးတို့ရေ....နတ်က စိုးရိမ်မယ်ဆိုလဲ ဟုတ်မှာပေါ့နော်၊ ကလေးတို့ မြင်ဖူးကြသလား၊ ညောင်ပင်တွေဟာ တခြားသစ်ပင်များကို မှီပေါက်ပြီး ဖျက်ဆီးပစ်ကြတဲ့ အပင်တွေနော်။

ကဲ... ထားပါတော့၊ အဲဒီလို နတ်က ပြောတဲ့အတွက် ဂဠုန်က ဟုတ်ပေသားပဲဆိုပြီး ခါငှက်ကို ပြန်သွားအောင် မောင်းထုတ်ပစ်လိုက်သတဲ့ကွယ်။

ကဲ....ကလေးတို့ရေ....ဝတ္ထုဇာတ်လမ်းလေးက ဒါပါပဲကွယ်။

ကလေးတို့ရေ....ဝတ္ထုဇာတ်လမ်းလေးကို မှတ်မိကြမှာပေါ့၊ ကလေးတို့လဲ လက်ပံပင်စောင့်နတ်ကဲ့သို့ နောင်လာလတံ့တဲ့ဘေးကို သတိထားကြရမှာပေါ့။

ကလေးတို့က မသိလို့၊ မနိုင်လို့၊ မပြောရဲမဆိုရဲတာကို သည်းခံတယ်လို့ခေါ်ယင် မှားတယ်၊ ဒါ....သည်းခံတာမဟုတ်ဘူး၊ မသိလို့ နေတာပဲဖြစ်တယ်။

ဒီတော့....ကလေးတို့ဟာ ကိုယ့်လူမျိုး၊ ကိုယ့်ဆွေမျိုး၊ ကိုယ့်ပြည်၊ကိုယ့်ဘာသာ ကိုယ့်သာသနာကို ဘေးအန္တရာယ်ပြုတတ်တဲ့ ကိစ္စမှန်သမျှ၊ တွေ့သမျှကို သတ္တိဗျတ္တိနဲ့ လုပ်ကိုင်ရဲတတ်သူများ ဖြစ်ကြရအောင် ကြိုးစားကြရမယ်နော်။

ကဲ....ပြီးပါပြီ။

ဒီဝတ္ထုဇာတ်လမ်းလေးဟာ ငါးရာငါးဆယ်နိပါတ်တော်ထဲက
ကောသမ္ဗလိဇာတ် ဖြစ်ပါတယ်။

# ဆောင်ပုဒ်

ကိုယ်နှင့်ခံတွင်း၊ ပုပ်နံပြင်း၊
လိမ်ခြင်းမှုသား၊ အကျိုးတည်း။

**ကလေးတို့ရေ**....ဒီဆောင်ပုဒ်လေးရဲ့အကြောင်း ဝတ္ထုဇာတ်ကြောင်းလေးကို ပြောပြမယ်နော်။

ဟို....ရှေးရှေးတုန်းကတဲ့၊ လူတွေဟာသိပ်ပြီး အသက်ရှည်ကြတယ်ဆိုပဲ၊ တယောက်နဲ့ တယောက် တွေ့ကြယင်....

"ဟေ့ကောင်၊ မင်းအသက်ဘယ်လောက်ရှိသလဲ" လို့မေးတဲ့အခါ၊ ကိုယ့်အသက်ဟာ ဘယ်လောက်၊ ဘယ်နှစ်နှစ်ရှိပြီ ဆိုတာတောင် မပြောတတ်အောင် အသက်ရှည်တယ်တဲ့၊လူတွေ အသက်ဟာ တရာနှစ်လဲမကဘူး၊ နှစ်ရာလဲမကဘူး၊ တထောင်လဲမကဘူး၊ တသောင်းလဲ မက ကြဘူး၊ တသိန်းလဲမကဘူး၊ အဲဒီလိုတသန်း၊ တကုဋေလဲ မကဘူးတဲ့၊ အဲဒီလောက်အသက်ရှည် ကြတယ်။

အဲ့ဒီ ခေတ်အခါက ပေါ့နော်၊ ကလေးတို့မှတ်ထားကြ....။

အင်း....စေတိယတိုင်း၊ သောတ္တိယမြို့မှာ ဝရလို့ခေါ်တဲ့ ပင်းကြီးတပါးဟာ ဟိုရှေးရှေး ဘမိတွေရဲ့ အစဉ်အလာအရ ရှင်ဘုရင်ဖြစ်ပြီး တိုင်းပြည်မှာ အုပ်ချုပ်ရသတဲ့။

ဝရ,မင်းကြီးရယ်လို့ လူအများက သိကြတယ်၊ နောက်နှစ်များကြာတော့ သားတော် တပါးထွန်းကားလာတယ်၊ မွေးလာတယ်ပေါ့နော်၊ သူ့နာမည်ကို ဥပဝရလို့ အမည်ပေးကြ တယ်။

ဥပဝရ,မင်းသားလေးဟာ ကြီးပြင်းလာတော့၊ ပညာများသင်၊ ပညာတတ်လာတော့ ရှင်ဘုရင်လုပ်ရတာပေါ့၊ အဖေက အသက်အရွယ်ကြီးပြီ မဟုတ်လား။

ဥပဝရနဲ့ချစ်တဲ့ သူငယ်ချင်းတယောက်ရှိတယ်၊ အဲဒီသူငယ်ချင်းရဲ့နာမည်က ကောရက လမ္ဘလို့ခေါ်တယ်၊ ကလေးတို့ ဖတ်မတတ်ယင်(ကောရကလန်ဗ၊ အဲဒီလိုဖတ်) မှတ်ထားကြနော်။

ဥပဝရမင်းသားလေးက သူငယ်ချင်းကောရကလမ္ဘကို ပြောတယ်တဲ့။

"ကောရကလမ္ဘ,ရယ်....မင်းကိုသိပ်ချစ်တာပဲ၊ ငါကြီးလာပြီး ရှင်ဘုရင်လုပ်ရယင် မင်း ကို ပုရောဟိတ်ရာထူး ငါပေးမယ်" လို့ပြောလိုက်သတဲ့။

ကောရကလမ္ဘ,ဆိုတဲ့သူကလဲ တခြားတော့မဟုတ်ဘူး၊ မိမိအဖေဘုရင်ကြီးရဲ့ ပုရောဟိတ် ရဲ့ ညီဖြစ်တယ်တဲ့၊ မှတ်ထားကြနော်။



[ဥပဝရ မင်းသားလေးသည် သူငယ်ချင်း ကောရကလမ္ဘကို ပြောနေပုံ]

ဒါနဲ့....ခုနကပြောတဲ့ ဥပ၀ရမင်းသားလေးဟာ အသက်ကြီးလာတော့ ထီးမွေနန်းမွေကို အဖေဘုရင်ကြီးကလွှဲပေးလို့ ဘုရင်ဖြစ်လာပြီပေါ့နော်။

ဒီလိုနဲ့နေယင်း တနေ့မှာ ပုရောဟိတ်ပုဏ္ဏားကြီးနဲ့ ရှင်ဘုရင်တို့နေတဲ့ဆီကို ကောရကလမ္ဗ,ဆိုတဲ့ ဘုရင့်သူငယ်ချင်းက လာလည်သတဲ့။

ကောရကလမ္ဗ,ကို ဘုရင်ဥပ၀ရကမြင်တော့ အားရ၀မ်းသာနဲ့ ခရီးဦးကြိုတာကို ပုရောဟိတ်ပုဏ္ဏားကြီးမြင်တဲ့အခါ ပုဏ္ဏားကြီးက စဉ်းစားသတဲ့။

"အင်း....ရှင်ဘုရင်ဟာ သူနဲ့ရွယ်တူသူငယ်ချင်းဆိုတော့ ပျော်တယ်ထင်တယ်၊ ပျော်ယင်လဲပျော်မှာပေါ့၊ ဘုရင်က ငယ်ငယ်လေး၊ ပျိုပျိုလွင်လွင် မင်းပျိုမင်းလွင်လေး၊ ဒီတော့၊ လူငယ်တို့ ဘာသာဘာ၀အချင်းချင်း ပြောချင်ဆိုချင်မှာပဲ၊ ငါက အသက်အရွယ်ကလဲကြီးပြီ၊ အိုပြီ"လို့ စဉ်းစားမိတယ်၊ ဒါနဲ့ပုဏ္ဏားကြီးက ဘုရင်ကိုပြောလိုက်တယ်။

"အရှင်မင်းကြီး၊ ကျွန်ုပ်ဟာ အသက်အရွယ်အိုပြီ၊ ကြီးပြီ၊ ဒီတော့ ကျွန်ုပ်ရဲ့သားတွေရှိပါတယ်၊ သူတို့ကို ပုရောဟိတ်ရာထူးပေးပါ၊ ကျွန်ုပ်ဟာ အသက်အရွယ်ကြီးပြီမို့ တရားအားထုတ်ပြီး နေပါတော့မယ်"လို့ ဘုရင်ထံခွင့်ပန်ပြီး ရသေ့လုပ်ကာ နေတော့သတဲ့။

ဒီလိုနေလာကြတာ နှစ်တွေကြာလာခဲ့သတဲ့၊ ကောရကလမှာကလဲ စောင့်နေတာပေါ့၊ တနေ့ ပုရောဟိတ်ဆရာကြီးဖြစ်မှာပဲ၊ တနေ့ကျဖြစ်မှာပဲနဲ့ တောင့်တမျှော်ပြီးနေ့ယင်း မတတ်နိုင်တဲ့အဆုံး ဘုရင်ဆီကိုလာပြီးတော့ ခုလိုပြောတာဆိုပဲ၊ ဘယ်လိုပြောသလဲဆိုတော့....

"အရှင်မင်းကြီး၊ ကျွန်တော့်ကို ပုရောဟိတ်ရာထူးပေးမယ်လို့ ငယ်ငယ်တုန်းက ပြောခဲ့တာ မေ့နေပြီလား" လို့ မေးတဲ့အခါ ဘုရင်က....

"အေး....ဟုတ်သားပဲ၊ မင်းကို ပုရောဟိတ်ရာထူးပေးမယ်" လို့ ခပ်လွယ်လွယ် ပြောလိုက်တဲ့အခါ....ကောရကလမှာက ဘယ်တော့ပေးမလဲ၊ ဘယ်လိုလုပ်ပြီးပေးမလဲဆိုတာ စဉ်းစားမိလို့ ခုလိုထပ်ပြီး လျှောက်တယ်။

"အရှင်မင်းကြီး၊ ဘယ်လိုပေးမှာလဲ၊ ပေးပုံပေးနည်းလေး ပြောပြပါအုံး၊ တိုင်းပြည်ရဲ့အစဉ်အလာရ အဖေပုရောဟိတ်သေယင် သားကဆက်ပြီး ပုရောဟိတ်ရာထူး ယူရတဲ့ဉစ္စာပဲ မဟုတ်လား" လို့ ပြောတဲ့အခါ ဘုရင်က....

"အသာနေ၊ ရသေ့လုပ်သွားတဲ့ ပုရောဟိတ်က အကြီးမဟုတ်လား၊ ဒါပေမယ့် အဲဒီရသေ့ကြီးက မင်းထက်အငယ်လို့ ငါ လိမ်ပြောပြီး မင်းကို ပုရောဟိတ်ရာထူး ပေးမယ်" လို့ ပြောသတဲ့ ကလေးတို့ရေ။

အင်း....ဘုရင်က ရသေ့ကြီးက ညီ၊ ကောရကလမ္ဗက အစ်ကို ဆိုပြီးတော့ လိမ်ပြီး ပြောမတဲ့ ဆိုတဲ့စကားဟာ တမြို့လုံး နှံ့သွားတယ်။

မြို့ထဲကလူတွေက ဒီသတင်းကိုကြားတော့ ဘယ်တော့ ပြောမှာတဲ့၊ အခုလား တော် ကြာလားပေါ့၊ ဟုတ်ပြီ....ဒီနေ့က နောက် ခုနစ်ရက်မြောက်တဲ့နေ့မှာဆိုတာသိတော့ သိပ် ကြည့်ချင်ကြတယ်။

တချို့လူတွေက မေးကြတယ်၊ "လိမ်တာညာတာဆိုတာ ဘယ်လိုလဲ၊ အဝါလား၊ အနီလား၊ အစိမ်းလား"လို့၊ အဲဒီခေတ်တုန်းက လိမ်ပြောတာ ညာပြောတာ မရှိဘူး၊ လိမ် တာညာတာလဲ မသိဘူး၊ ဒါကြောင့် သူတို့ အသက်ရှည်ကြတာနဲ့ တူပါတယ် ကလေးတို့ရယ်၊ ဟုတ်ဖူးလား။

အဲဒီဘုရင်ဟာ သိပ်ပြီး တန်ခိုးကြီးတာတဲ့၊ နတ်သားလေးယောက် သူ့အနားမှာ သန်လျက်ထမ်းပြီး အမြဲမပြတ် စောင့်နေရတယ်ဆိုပဲ။

နောက်ပြီး ကောင်းကင်ကိုလဲ တက်သွားနိုင်တယ်၊ (မိုးပေါ်ပေါ့နော်) ဘုရင်ရဲ့ကိုယ် မှာလဲ အမြဲ မွှေးနေတာပဲ၊ ပါးစပ်ကလဲ ကြာညိုနံ့ အမြဲမွှေးတယ်ဆိုပဲ။

ကဲ....ကလေးတို့ ကိုယ့်ပါးစပ်ကိုပြန်ပြီး သတိထားမိကြရဲ့လား၊ ဘာစော်နံလဲ၊ မွှေးပြီး ကြာညိုနံ့ရယင် လိမ်မပြောလို့ မှတ်ထား၊ အာပုပ်စော်တို့၊ ပုပ်စော်တို့နံယင် လိမ်ပြောလို့ပဲ၊ ဒီတော့ ကလေးတို့ပါးစပ်ဟာ ဘာစော်နံကြလဲဟင်....။

အဲဒီလိုပေါ့၊ လိမ်မပြောတဲ့သူတွေရဲ့ပါးစပ်ဟာ မွှေးတယ်၊ အဲဒီခေတ်ကလူတွေဟာ အားလုံး မွှေးနေကြတယ်၊ လိမ်တယ်ညာတယ်ဆိုတာ၊ အဝါလား၊ အဖြူလား၊ အနီလား တောင် ထင်ကြလို့ ဘုရင်လိမ်ပြောမယ့်နေရာကို လာကြည့်ကြမတဲ့နော်။

ဒါနဲ့....ခုနစ်ရက်မြောက်တဲ့နေ့ကျတော့ ဘုရင်က ကောင်းကင်မှာရပ်ပြီး လိမ်ပြော မလို့ပေါ့၊ အောက်မှာလဲ လာကြည့်ကြတဲ့လူတွေ အများကြီးပဲ။

စောစောတုန်းက ရသေ့လုပ်နေတဲ့ ပုရောဟိတ် ပုဏ္ဏားအိုကြီးဟာ ဒီသတင်းကြား လို့ ရောက်လာပြီး မေးသတဲ့။

"ဘုရင်မင်းမြတ် ကျုပ်နဲ့ကျုပ်ညီ ကောရကလမ္ဗတို့ကို ကျုပ်က ညီ၊ ကောရကလမ္ဗက အစ်ကိုလို့ ပြောတယ်ဆိုတာ မှန်သလား"လို့ မေးတယ်၊ ဘုရင်က ...



[ဥပဝရမင်း မသွားပြောမည့်ဟန်]
၂ ၅ ၈ ၅ ၄

"ဟုတ်တယ်၊ သင်ရသေ့ကြီးက ညီ၊ ကောရကလမ္ဗက အစ်ကို၊ ဒါကြောင့် ပုရောဟိတ်ရာထူးကို ကောရကလမ္ဗအား ပေးမလို့"ဆိုပြီး လိမ်ညာပြောလိုက်တယ်ဆိုပဲ ကလေးတို့ရေ၊ ညာပြောတဲ့အခါ....

လိမ်ညာပြောလိုက်တာနဲ့ ဘုရင်မှာ စောင့်နေတဲ့ နတ်လေးပါးလဲ ကွယ်ပျောက်သွားတယ်၊ ကောင်းကင်က မြေကြီးပေါ် ကျလာတယ်၊ ကိုယ်မှာလဲ မွှေးတော့ဘူး။ ပါးစပ်ကလဲ အာပုပ်စော်လိုလို၊ ပုပ်စော်လိုလို နံလာပြီး တခါထဲ မြေမျိုသွားရောသတဲ့။

ကဲ....ကလေးတို့ရေ ဝတ္ထုဇာတ်လမ်းလေးက ဒါပါပဲကွယ်။

ကလေးတို့ရေ....ညာမပြောရဘူး၊ လိမ်မပြောရဘူး၊ လိမ်-ညာ မပြောတဲ့ကလေးဟာ သိပ်လှတယ်၊ သူ့ကိုယ်မှာလဲ မွှေးတယ်၊ ပါးစပ်ကလဲ မွှေးတယ်။

လိမ်ညာပြောတဲ့အတွက် ဘုရင်ကြီးဟာ မြေမျိုသွားတယ် မဟုတ်လား။

ခုအခါမှာဆိုယင် တချို့ကလေးများကိုပေါ့လေ၊ ဒီကလေးဟာ လိမ်တတ် ညာတတ်တဲ့အတွက်ကြောင့် လူလိမ်လေး၊ လူညာလေးလို့ ပြောကြတယ်မဟုတ်လား၊ ဘယ်လောက် ရှက်စရာကောင်းသလဲဟင်....။

နောက်....ကြီးလာတဲ့အခါ လူလိမ်လူညာအဖြစ်နဲ့ ရဲက ဖမ်းပြီး ထောင်ချတတ်တယ်။

မလိမ်တတ်၊ မညာတတ်တဲ့ ကလေးငယ်များဖြစ်အောင် ကြိုးစားနိုင်ပါစေလို့ ဆုတောင်းပါတယ်ကွယ်။

ဒီဝတ္ထုဇာတ်ကြောင်းလေးဟာ ငါးရာငါးဆယ် နိပါတ်တော်ထဲက

စေတိယဇာတ် ဖြစ်ပါတယ်။

* * *

# ဆောင်ပုဒ်

ကိုးကွယ်ရာမှ၊ ဘေးဖြစ်က
မုချ ကြောက်ဖွယ်ရာ။

ကလေးတို့ရေ....ဒီဆောင်ပုဒ်ရဲ့အကြောင်း ဝတ္ထုဇာတ်လမ်းလေးကို ပြောပြမယ်နော်။

ဟို....ရှေးရှေးတုန်းက ဗာရာဏသီပြည်ကြီးမှာ အုပ်ချုပ်တဲ့ ရှင်ဘုရင်ကြီးရဲ့နာမည်ဟာ ဗြဟ္မဒတ်မင်းလို့ ခေါ်ကြသတဲ့၊ အဲဒီဗြဟ္မဒတ်မင်းရဲ့ မိဖုရားကြီးဟာ အကျင့်မကောင်းဘူးတဲ့။

ဒါနဲ့ တနေ့ကျတော့ မင်းကြီးက ဒီအကြောင်းကိုသိတာနဲ့ မိမိရဲ့မိဖုရားကိုခေါ်ပြီး....

"အသင်မိဖုရား၊ သင်ဟာ အကျင့်မကောင်းဘူးဆိုတာ မှန်သလား"လို့ မေးတဲ့အခါ၊ မိဖုရားက "မဟုတ်ဘူး"ပေါ့၊ ပြောပြီး လိမ်ညာတယ်ဆိုပဲ၊ လိမ်ညာရုံတင် မကဘူးတဲ့၊ သူက ဒုလို မုသားသစ္စာ ဆိုတယ်တဲ့၊ ဘယ်လိုလိမ်ပြီး မုသားသစ္စာ ပြောသလဲဆိုတော့....

"အရှင်မင်းကြီး၊ ။မိမိဟာ အကျင့်ကောင်းပါတယ်၊ ဖောက်ဖောက်ပြားပြား မလုပ်တတ်ပါဘူး၊ အကယ်၍ မင်းကြီးပြောသလို ဖောက်ဖောက်ပြားပြား မတော်မတရား အကျင့်မကောင်းခဲ့ယင်၊ ကျွန်မသေတဲ့အခါ ဘီလူးမ ဖြစ်ရပါစေ"လို့ လိမ်ပြီး သစ္စာဆိုတယ်တဲ့ ကလေးတို့ရေ။

သူသေတဲ့အခါ လိမ်ညာပြီး သစ္စာဆိုတဲ့အတွက်ကြောင့်ပေါ့နော်၊ တကယ် ဘီလူးမကြီး ဖြစ်ပါရောတဲ့ကွယ်၊ အဲဒီဘီလူးမရဲ့ 'နာမည်က' 'စန္ဒမုခီ' တဲ့၊ စန္ဒမုခီ ဘီလူးမလို့ ခေါ်တယ်။

သူကလဲ သိပ်မဆိုးဘူးတဲ့၊ အလျားက ယူဇနာ ၃၀၊ အနံက ၅ ယူဇနာ ကျယ်ဝန်းတဲ့နေရာကို အပိုင်စားရတယ်၊ အဲဒီအပိုင်စားရတဲ့နေရာထဲ လာတဲ့သူ မှန်သမျှကို စားတယ်တဲ့နော်။

အင်း....ဒီလိုနဲ့နေလာရာက အချိန်ကြာလာတော့ လူတွေက စန္ဒမုခီ ဘီလူးမရဲ့တောကို မှသွားမလာရဲကြဘူး၊ သိပ်ကြောက်လို့ပေါ့နော်။

တနေ့တော့ ခရီးသွားတဲ့ ပုဏ္ဏားတယောက်က လှည်းအစီးပေါင်း ၅၀၀လောက်နဲ့ စန္ဒမုခီ ဘီလူးမနေတဲ့တောကို ဖြတ်ပြီးလာသတဲ့ ကလေးတို့ရေ၊ ဘီလူးနေတဲ့ တောဆို

တော့ တယောက်ထဲ၊ နှစ်ယောက်ထဲ မသွားရဲလို့ အများကြီး လှည်းအစီးပေါင်း ၅၀၀ လောက်နဲ့ လာတာပေါ့နော်။

သူတို့လာကြတာကို ဘီလူးမကမြင်သတဲ့၊ ဘီလူးမက ကြည့်လိုက်တော့၊ လူအုပ်ထဲက စောစောကပြောတဲ့ ပုဏ္ဏားကို မြင်မြင်ချင်း သိပ်ချစ်တယ်ပေါ့။

ဒါနဲ့ ဘီလူးမဟာ လူအုပ်ဆီကို အပြေးလိုက်လာတယ်၊ လူတွေက ဘီလူးကိုမြင်တော့၊ ပြေးမိပြေးရာ ပြေးကြတာပေါ့၊ ပြေးကြလွှားကြယင်းပဲ၊ ဘီလူးမဟာ သူချစ်တဲ့ပုဏ္ဏားကို ယူပြီး သူနေတဲ့ကျောက်ဂူကို ခေါ်ဆောင် သွားတော့တာပဲ။

ကျောက်ဂူရောက်တော့ ပုဏ္ဏားကိုချစ်လို့ မစားပဲ၊ ပုဏ္ဏားကို သူ့ရဲ့လင်အမှတ်နဲ့ ပြုစုပြီး ပေါင်းသင်းနေတယ်၊ ကလေးတို့ရေ....ဘီလူးမဟာ ပုဏ္ဏားကို မင်္ဂလာဆောင်ပြီး ယူလိုက်တယ်လို့ ပြောရမှာပေါ့နော်....။

တနှစ်၊ နှစ်နှစ်မက ကြာလာတော့ ကလေးတယောက်ကို မွေးဖွားတယ်၊ ယောကျာ်း လေးတဲ့။ ဘီလူးမနဲ့ လူသားတို့ပေါင်းဖော်လို့ရတဲ့ကလေး၊ ဘီလူးနဲ့လူတို့ ပေါင်းသင်းလို့ရပေမဲ့ ကလေးက ဘီလူးနဲ့မတူပဲ အဖေဘက်ကိုတူတဲ့အတွက် လူစင်စစ် လူယောကျာ်းလေးဖြစ်တယ်....။



[စန္ဒမုခီ ဘီလူးမနှင့် ပုဏ္ဏားလုလင်ပုံ]

ဘီလူးမကြီးဟာ ပုဏ္ဏားနဲ့ သားလေးကို ချစ်လှန်းလို့ သူအစာရှာထွက်တဲ့အခါများ မှာဆိုယင် သားနဲ့လင်ကို ကျောက်ဂူထဲမှာ ထည့်ထားပြီး အပြင်အပေါက်က ကျောက်တုံးကြီးနဲ့ ပိတ်ထားပြီးမှ သွားတယ်၊ သူပြန်လာမှ ကျောက်တုံးတံခါးကြီးကို ဖွင့်ပေးတယ်၊ ကလေးတို့ရေ...ကျောက်ဂူထဲမှာ မှောင်နေမှာပဲနော်။

ဘီလူးမက အစာရှာသွားတဲ့အခါ လူသားတွေကိုစားပြီးမှ လူတွေမှာ ပါလာတဲ့ ဆန်တို့၊ ဆီတို့၊ အစားအစာများ၊ နောက်ပြီး အဝတ်အထည်များကို လင်ယောကျ်ား ပုဏ္ဏားနဲ့ သားလေးအတွက်ယူလာပြီး ကျွေးမွေးတယ်။

သူတို့ဟာ နေလာလိုက်ကြတာ နှစ်အတော်ကြာလာတဲ့အတွက် သားလေးဟာလဲ ကြီးပြင်းလာပြီး လူပျိုပေါက်အရွယ် ရောက်လာခဲ့တယ်၊ ဒါနဲ့ သားလေးရဲ့နာမည်ကို သူတို့က ဒီလိုမှည့်ခေါ်ကြတယ်။

ပဒကုသလ တဲ့၊ ကလေးတို့မှတ်ထားကြနော်၊ ပဒကုသလ နော် ဟုတ်လား။

အင်းပေါ့...ဘီလူးမကြီးဟာ အစာရှာသွားတိုင်း သားနဲ့ လင်ကို ကျောက်ဂူထဲထည့်၊ အပေါက်ကို ကျောက်တုံးနဲ့ ပိတ်,ပိတ်သွားလေ့ရှိတော့...တနေ့တော့ ပဒကုသလဟာ ပိတ်ထားတဲ့ ကျောက်တုံးကို တွန်းဖွင့်ထားလိုက်တယ်။

မိခင်ဘီလူးမကြီး ပြန်လာတော့ ကျောက်ဂူကြီး ပွင့်နေတာမြင်တော့ အထူးအဆန်း ဖြစ်နေတာပေါ့၊ ဘယ်လိုများပါလိမ့် ရန်သူများလာပြီး ဖွင့်သလားပေါ့၊ အဲဒီလိုစဉ်းစား မိပြီး သားနဲ့လင်ကိုမေးတယ်။

"ဒီကျောက်တံခါးကြီး ဘယ်သူလာဖွင့်သလဲ"လို့ပေါ့၊ ဟုတ်ဖူးလားကလေးတို့၊ သား ဖြစ်သူ ပဒကုသလကုမာ "မိခင် ကျွန်တော်ဖွင့်ပါတယ်"လို့ ပြောတဲ့အခါ ဘီလူးမက....

"ဘာပြုလို့ဖွင့်ရသလဲ၊ ငါပိတ်ခဲ့တဲ့ဥစ္စာ"လို့ ဆိုတော့....

"အမေကလဲ၊ သားတို့အထဲမှာ မှောင်နေတာပဲ၊ ဘယ်နေတတ်မှာလဲ အမေရယ်.... ဒါကြောင့် သားဖွင့်တာပါ၊ နောက်အမေ ခရီးထွက်သွားယင် မပိတ်ထားနဲ့နော်"လို့ ဘီလူးမကြီးကို ပြောတဲ့အခါ သားကိုချစ်လွန်းလို့ ဘယ်တော့မှ ကျောက်တံခါးကြီးကို ပိတ် မသွားတော့ဘူးတဲ့....

ပိတ်လဲ သားဖြစ်သူ ပဒကုသလကုမာလေးက ဖွင့်လိုက်မှာပဲ မဟုတ်လား။

သားလေးက ဘီလူးနဲ့လူစပ်ပြီး မွေးထားတော့ အားရှိတယ်နဲ့တူတယ်နော်၊ ဘီလူးမ ကြီးကလဲ ကျောက်တံခါးကြီးပိတ်ရတာက မနိုင်လို့မဟုတ်ဘူး ချစ်လွန်းလို့၊ တော်ကြာသူတို့ ထွက်ပြေးနေကြမှ ဒုက္ခ ဟုတ်ဖူးလား။

အင်း....ဒီလိုနဲ့နေကြယင်း တနေ့ကျတော့ ဘီလူးမကြီးမရှိတုန်း သားလေးပဒုကုသလက ဖခင်ပုဏ္ဏားကြီးကိုမေးတယ်။

"အို....ဖခင်၊ အမေနဲ့အဖေဟာ ရုပ်ချင်းလဲမတူဘူး၊ အဖေကလူတယ်၊ အမေကရုပ်ဆိုးပြီး ကြောက်စရာကြီးလိုပဲ၊ အဲဒါဘာပြုလို့လဲဟင်"လို့ မေးတဲ့အခါ ပုဏ္ဏားကြီးက....

"ငါ့သားမေးမှတော့ ပြောရတော့မှာ၊ အဖေကလူစင်စစ်ဖြစ်တယ်၊ မင်းအမေက ဘီလူးမကြီးကွဲ့၊ အဖေကကြောက်တာနဲ့ နေရတာ"ဆိုတော့ ပဒုကုသလ,က....

"ဩော်....ဟုတ်လား၊ ဒီလိုဆို ကျွန်တော်တို့သားအဖ ပြေးကြမယ်လေ"လို့ ဖခင်ကို ပြောလိုက်တော့....

"ဘယ်ကို ပြေးမှာလဲသားရယ်၊ တော်ကြာ မင်းအမေဘီလူးမကြီးက တို့သားအဖနှစ်ယောက်ကိုလိုက်ဖမ်းပြီး သတ်စားမှာဒုက္ခပဲ"လို့ ပုဏ္ဏားကြီးက ကြောက်တဲ့အကြောင်း ပြောပြတော့....

"အဖေရယ် ကိစ္စမရှိပါဘူး၊ အဖေတို့နေတဲ့ လူ့ရွာ လူ့ပြည်ကိုသာ သွားဖို့စိတ်ကူးပါ၊ အမေ့ရန်ကလွတ်အောင်ကိစ္စ ကျွန်တော့်တာဝန်ထားပါ"လို့ တာဝန်ယူလိုက်တယ်။



[လှည်းကုန်သည် ပုဏ္ဏားကြီးအား သားက အကြောင်းစုံ မေးနေပုံ]

ပုဏ္ဏားကြီးက လူ့ပြည်လူ့ရွာအကြောင်းကို သားကိုပြောပြလိုက်ပြီး တနေ့မှာ သူကို့သားအဖနှစ်ယောက် ဘီလူးမကြီးမရှိတုန်း ထွက်ပြေးကြပါလေရော့တဲ့ ကလေးတို့ရယ်။

ဘီလူးမကြီးပြန်ရောက်တော့ သားအဖနှစ်ယောက်ကို မတွေ့ရတာနဲ့ သူပိုင်တဲ့တောကို အလျင်အမြန် လိုက်ရှာတဲ့အခါ လားလားဟိုရွှေ့မှာ သားအဖ နှစ်ယောက်ကို ယောင်လည်လည်နှင့် တွေ့ရောဆိုပဲ။

ဘီလူးမကြီးဟာ သားအဖနှစ်ယောက်ကို သူကိုနေတဲ့ ကျောက်ဂူဆီကို ပြန်ခေါ်လာပြီး မေးတယ်။

"ဘာပြုလို့ နင်တို့ ပြေးရသလဲ" အဲဒီလိုမေးတော့ ပုဏ္ဏားကြီးက သိပ်ကြောက်သွားတာပေါ့၊ ထစ်ထစ်ငေါ့ငေါ့နဲ့ ခုလို ပြန်ဖြေလိုက်တယ်။

"ဘီလူးမကြီးရယ်၊ ငါက ပြေးတာ မဟုတ်ပါဘူး၊ နင့်သားက ငါ့ကိုခေါ်ပြီးပြေးတာ"လို့ ပြောတော့ ဘီလူးမကြီးဟာ သားလေး ပဒကုသလကို ချစ်လွန်းလို့ အပြစ်မယူပဲ နေလိုက်တယ်။

နောက် ၄-၅ ရက်ကြာတော့ သူတို့ သားအဖနှစ်ယောက်ဟာ ပြေးကြပြန်ရောတဲ့၊ ဘီလူးမကြီးကလဲ အရင်လိုပဲ မေးပြီး နေပြန်တာပေါ့ကွယ်။

ပဒကုသလတို့ သားအဖနှစ်ယောက်ဟာ ပြေးလို့မလွတ်တော့ဘူးပေါ့၊ ပြေးတိုင်း ပြေးတိုင်း အမေဘီလူးမကြီးက လိုက်လိုက် ခေါ်တာပဲ မဟုတ်လား၊ ဒီတော့ ပဒကုသလလေးက စဉ်းစားမိတယ်။ ဘီလူးတို့မည်သည် တခုခုတော့အပိုင်းအခြား ရှိလိမ့်မယ်ပေါ့။အဲဒီလိုစဉ်းစားမိတာနဲ့ တနေ့တော့ သူ့အမေဘီလူးမကြီးကို အယုံသွင်းပြီး အမေ့ပေါင်ပေါ်တက်ထိုင်ကာ ခုလို မေးလိုက်တယ်တဲ့ ကလေးတို့ရယ်။

"အမေရယ်....တဲ့ အမေ့ပစ္စည်း ဥစ္စာဟာ သားအတွက်ဖြစ်တယ်၊ အမေပိုင်တဲ့နယ်မြေ အပိုင်းအခြားကိုပြောပြပါ၊ သားကြီးပြင်းလာလို့ တောထဲလိုက်လည်တဲ့အခါ သိရတာပေါ့" ပြောတော့ ဘီလူးမကြီးက ဝမ်းသာသွားပြီး....

"အေး....ဟုတ်တယ်သားရယ်၊ အမေပြောဖို့ မေ့နေတယ်ပေါ့။အင်း....ဒီလိုအလျားလိုက်က ယူဇနာ ၃၀ ရှည်တယ်။ ဒီလို အနံက ၅ ယူဇနာရှိတယ်။အဲဒါ အမေပိုင်တဲ့ နေရာပဲ၊ အမေ့ကို နတ်မင်းကြီးတွေက ပေးထားတာ"လို့ ပြောတော့ ပဒကုသလက မှတ်ထားလိုက်တာပေါ့။

တနေ့တော့ သားအဖနှစ်ယောက်ဟာ တကြိုးထဲ အမေဘီလူးမကြီးပိုင်တဲ့ နယ်မြေထဲက လွတ်အောင် ထွက်ပြေးတော့တာပဲ၊ ဘီလူးမကြီးကလဲ လင်နဲ့သားကို မတွေ့ရလို့ လိုက်

ရှာတဲ့အခါ၊ သူပိုင်တဲ့မြေကလွန်ပြီး ချောင်းတခုကိုတောင် ဖြတ်ကူးနေကြတာမြင်တော့ သူဘာမှမှတတ်နိုင်ပဲ ဖြစ်နေတာပေါ့။

အောင်ပြီး ခေါ်တဲ့အခါ ပဒကုသလကၤအမေရယ် သားတို့ပြန်မလာနိုင်တော့ဘူး။ သားတို့ဟာ လူတွေဖြစ်တဲ့အတွက် လူ့ပြည်လူ့ရွာမှာ နေပါရစေတော့၊အမေသာပြန်သွားပါတော့လို့ ပြောလိုက်တော့ ဘီလူးမကြီးဟာ မျက်ရေနဲ့မျက်ခွက်၊ သားနဲ့လင်ကိုခွဲရတာမို့ ငိုကြွေးနေရရှာတယ်။

တားမရတဲ့ သားနဲ့လင်ကိုကြည့်ပြီး ရင်ထဲမှာ ပူလောင်ဆို့နင့်နေရှာသတဲ့၊ သားနဲ့လင်ကိုကြည့်ပြန်တော့လဲ၊ နောက်ကိုပြန်မလာကြတော့ဘူး။ တခါထဲ ချောင်းကြီးကိုကူးပြီး ဟိုမှာဘက်ကမ်းသို့သာ သွားနေတာမြင်ရတော့ ဘီလူးမကြီးက ဒီဘက်ကမ်းကနေပြီး ခုလိုပြောသတဲ့။

"အမေ ချစ်မဝတဲ့သားလေးရယ်၊ အမေတားလို့မရတော့ယင်လဲ လူ့ရွာ-လူ့ပြည်မှာနေတဲ့အခါ၊ ပညာဆိုတာ တခုခုတတ်ထားမှ ထမင်းစားလို့ရတာ၊ ပညာမတတ်ယင် သူများခိုင်းဖတ်ပြုပြီး သိပ်ပင်ပန်းမယ်။ ဒီတော့ ငါ့သားကို အမေ့ပညာ တခုပေးလိုက်မယ်သား....



[ပုဏ္ဏားကြီးနှင့် သားလေးတို့သည် အမေဘီလူးမကြီးထံမှ ပြေးကြပုံ]

အမေပေးတဲ့ပညာက သူခိုးများပစ္စည်းခိုးယူတဲ့အခါ ခိုးယူတဲ့ပစ္စည်းများကိုဖမ်းမိအောင် ခြေရာခံနိုင်တဲ့ 'စိန္တာမဏိမန္တရား' ဖြစ်တယ်။ ကောင်းမွန်စွာ သင်ယူလေတော့ သားရယ်" ဆိုပြီး မြစ်တဘက်ကမ်းကနေ သားလေး ပဒကုသလကို ပညာသင်ပေးသတဲ့။

ကလေးတို့ရေ....မိခင် ဖခင်တို့ဟာ မိမိတို့ရဲ့သားသမီးအပေါ်မှာ ဘယ်လောက်ချစ်ကြသလဲဟင်....။ကဲ ဘီလူးမဖြစ်တာတောင်မှ ဘယ်လောက်ချစ်သလဲ လူဆိုယင်မပြောနဲ့တော့နော်-

ကလေးတို့ မိဘကို ဒါကြောင့် ပြန်မပြောရဘူးလို့ ပြောကြတာ၊ ပြန်ပြောယင် ငရဲကြီးပြီး ဆင်းရဲတတ်တယ်၊ ပညာလဲ မှတတ်ဘူးသိရဲ့လား။

အင်းပေါ့၊ ဒါနဲ့သားလေး ပဒကုသလဟာ သူ့အမေဘီလူးမကြီး ချပေးသင်ပေးတဲ့ စိန္တာမဏိမန္တရားကို မြစ်တဘက်ကမ်းက သင်ယူ တတ်မြောက်သွားတဲ့အခါ....

"ကဲ မေမေသင်ပေးတဲ့ပညာကို သားတတ်ပါပြီ၊ မေမေပြန်တော့နော်"လို့ နှုတ်ဆက်စကားဆိုလိုက်တဲ့အခါ အမေဘီလူးမကြီးဟာ နေရာမှာပဲ လဲပြီး ပွဲချင်းပြီးသေဆုံးသွားရောတဲ့။

သူ အလွန်ချစ်တဲ့ သားနဲ့လင်ကို ခွဲခွာရမှာ မဖြစ်နိုင်တဲ့အတွက် ချစ်လွန်းရှာလွန်းလို့ ရင်ကွဲနာကျပြီး သေသွားလေသတဲ့နော်၊ ဘယ်လောက် သနားစရာကောင်းသလဲကွယ်။



[ပုဏ္ဏားကြီးနှင့် သခါးလေးတို့သည် တိုင်းပြည်မှလူများကို ပြောပြနေပုံ]

သားလေး ပဒကုသလဟာလဲ အမေကို နှုတ်ဆက်ပေမယ့် စကားပြန်မရလို့ သေသေချာချာကြည့်မိတဲ့အခါ။ အမေမှာ ရင်ကွဲနာကျပြီး သေနေတဲ့အဖြစ်ကို သိလိုက်တဲ့အခါ စိတ်မကောင်းဘူးပေါ့။

ဒါနဲ့ အဖေပုဏ္ဏားကိုပြောကာ ချောင်းကိုကူးပြီး အမေဘီလူးမကြီးဆီကို ပြန်လာလိုက်တယ်။ သေသွားတဲ့အမေဘီလူးမ စန္ဒမုခီအလောင်းကို တောထဲက ထင်းတို့ဘာတို့ရှာပြီး အမွှေးအကြိုင်ပန်းတွေနဲ့ မီးရှို့သင်္ဂြိုဟ်လိုက်တယ်။

မီးသင်္ဂြိုဟ်တဲ့ကိစ္စပြီးတော့မှ သားအဖနှစ်ယောက်ဟာ ဗာရာဏသီမြို့ကို သွားကြတယ်။ ဗာရာဏသီမြို့ရောက်တော့ မြို့တံခါးနားမှာရပ်ပြီး လူတွေကိုပြောသတဲ့....

"ဒီမှာ မိတ်ဆွေတို့ ဘုရင်မင်းကြီးကို သံတော်ဦးထင်ပေးကြစမ်းပါ။ မြို့တံခါးမှာ လွန်ခဲ့တဲ့ ၁၂ နှစ်လောက်က ပစ္စည်းပျောက်များကို ခြေရာခံပြီး ရှာနိုင်တဲ့သူ ရောက်နေတယ်" လို့ လူတွေကို ပြောကြားခိုင်းတဲ့အတွက် ဘုရင်ကိုသွားပြီး လျှောက်ထားကြတယ်။

ဘုရင်က "အေး....ဟုတ်ပြီ၊ ဒီအတိုင်းမှန်ယင် ရှေ့တော်ခေါ်ခဲ့"ဆိုတာနဲ့ လူများက ပဒကုသလ သားအဖကို ဘုရင့်ရှေ့တော် ခေါ်ယူသွားကြသတဲ့၊ ရှေ့တော်ရောက်တော့ ဘုရင်က....

"မောင်မင်းတို့ 'ဘ ၂နှစ်က' ပျောက်တဲ့ ပစ္စည်းဥစ္စာကို ခြေရာခံ ရှာဖွေပေးနိုင်တယ် ဆိုတာ ဟုတ်သလား" မေးတဲ့အခါ ဟုတ်မှန်တဲ့အကြောင်း ပြောပြတာနဲ့....

"ကောင်းပြီ၊ ဒီလိုဆိုယင် ငါ့ဆီမှာ ခစားစေ"ပေါ့၊ ဒဲ ဒီ လို ပြောတဲ့အခါ ပဒကုသလက....

"အရှင်မင်းကြီး၊ တနေ့ကို အသပြာတထောင်ပေးမှ ဖြစ်မယ်"လို့ အခကြေးငွေ ပညာတန်ဖိုးကို တောင်းဆိုတဲ့အခါ ဘုရင်ကလဲ ပေးသတဲ့။

ဒါနဲ့....ပဒကုသလတို့ သားအဖဟာ တနေ့တထောင်နဲ့ ဘုရင့်ဆီမှာ ခစားကြတယ်၊ အချိန်တွေလဲ တနှစ်တနှစ်ဆိုသလို ကုန်ခဲ့ပြီပေါ့၊ ခိုးမှုကိစ္စက ပေါ်မလာကြတော့ဘူး။

ကလေးတို့ရေ....သူခိုးတို့ကလဲ ဘာမှ မခိုးရဲကြဘူးတဲ့၊ ဘာပြုလို့လဲဆိုယင် သူခိုး ဖမ်းတတ်တဲ့သူ ရှိနေတာကို နော်....ဟုတ်ဖူးလား။

ဒါနဲ့ တနေ့တော့ ဘုရင်နဲ့ အမတ်ကြီးတို့နှစ်ယောက်ဟာ ဒီလို တိုင်ပင်လေသတဲ့။

"ပုရောဟိတ်ကြီး၊ ကျုပ်တို့ ပဒကုသလကို သူခိုးဖမ်းဖို့ကိစ္စ တနေ့တထောင် ပေးထားခဲ့ပေမယ့် ဒီနေ့အထိ ခိုးမှုကလဲ ပေါ်မလာဘူး၊ ပဒကုသလ ဆိုတဲ့အကောင်ကလဲ တတ်သလား၊ မတတ်သလား မသိဘူး"

"ဟုတ်မှ ဟုတ်ပါ့မလား၊ ကျုပ်တို့ကိုများ လိမ်ပြီးနေယင် ရှက်စရာကြီးပဲ၊ ပုရောဟိတ်ကြီးနဲ့ကျုပ်နဲ့ နှစ်ယောက် သူ့ကို စစ်ကြည့်ရအောင်"လို့ ဘုရင်က တိုင်ပင်တဲ့အခါ၊ အမတ်ကြီးကလဲ သဘောတူတာနဲ့ ဘုရင်ရယ် အမတ်ကြီးရယ် သူတို့နှစ်ယောက်ဟာ မင်းဝတ်တန်ဆာများကို ယူကြပြီး ဖွက်ကြသတဲ့၊ သူတို့က ဘယ်လိုများ ဖွက်တယ်ထင်သလဲ၊ ကလေးတို့ သိကြသလား။

အင်း....သူတို့နှစ်ယောက်မှာ မင်းဝတ်တန်ဆာများကိုယူပြီး နန်းပြသာဒ်မှ ထွက်လာခဲ့တယ်၊ နောက်....နန်းတော်ကြီးကို သုံးကြိမ် ပတ်လှည့်သွားကြတယ်၊ နောက်....လှေကားထောင်ပြီး တံတိုင်းပေါ် တက်လိုက်တယ်၊ နောက်....ဆင်းပြီး တရားသူကြီး တရားစီရင်တဲ့ နေရာကို သွားသတဲ့၊ နောက်ပြီး တင်းကုပ်တခုထဲကို ဝင်ထိုင်လိုက်ကြတယ်။

တင်းကုပ်ကထွက်ပြီး လှေကားထောင်ကာ တံတိုင်းပေါ် တက်လိုက်ပြန်တယ်၊ တခါ ဆင်းလာကြပြီး ရေကန်ကို ၃ ပတ်လှည့်ပြီး ရေကန်ထဲသို့ စောစောကယူလာတဲ့ မင်းဝတ်တန်ဆာများကို ချလိုက်တယ်၊ ပြီးတော့မှ ဘုရင်နဲ့ ပုရောဟိတ်ကြီးဟာ သူတို့နေတဲ့နေရာကို ပြန်သွားကြတော့တယ်၊ ကလေးတို့ မှတ်မိကြလား။



[ဘုရင်နှင့် အမတ်ကြီးပုရောဟိတ်တို့သည် နန်းတော်မှ ရတနာများ ခိုးထုတ်နေကြပုံ]

လှေကားထောင်ပြီး တက်သွားကြတာက ခြေရာဖျောက်တဲ့ သဘောပေါ့၊ ရှုပ်ကုန်အောင် လုပ်တာဖြစ်တယ်။

နောက်တနေ့ကျတော့ ပဒကုသလကိုခေါ်ပြီး ပစ္စည်းများ ပျောက်တယ်ပေါ့၊ အဲဒါကို မင်းပညာနဲ့ တွေ့အောင်ရှာလို့ ခိုင်းတယ်။

ပဒကုသလကလဲ ဒါ....လွယ်ပါတယ်ဆိုပြီး စောစောက ရှင်ဘုရင်နဲ့ အမတ်ကြီး သွားတဲ့အတိုင်း ခြေရာခံလိုက်ပြီး ကန်ထဲကပစ္စည်းတွေကို ဖော်ပြလိုက်တယ် ဆိုပဲ။

တိုင်းသူပြည်သားများကလည်း ပဒကုသလ ပစ္စည်းရှာမယ်ဆိုလို့ စိတ်ဝင်စားကြတဲ့အတွက် လာပြီးကြည့်ကြတာ လူပရိသတ်ကြီးဟာအများကြီးပဲ။

ပစ္စည်းကို သူတို့ရှေ့မှာပဲ တွေ့မြင်ရတော့ အံ့သြတယ်၊ ချီးမွမ်းကြတယ်ဆိုတဲ့ အသံတွေဟာ ဆူဆူကို ညံနေတာပဲ။

ပစ္စည်းတွေကိုယူပြီး ဘုရင့်ရှေ့မှောက်သို့သွားပြီး ဆက်သလိုက်တဲ့အခါ ဘုရင်က "ကောင်းပြီ၊ တော်ပါပေတယ်၊ ပစ္စည်းတော့ရပြီ ဘယ်သူ ခိုးသတုန်း"လို့ မေးတယ်ဆိုပဲ။

ပဒကုသလက သိတယ်၊ ကလေးတွေလဲ သိမှာပေါ့နော်။ ရှေးကဖတ်ပြီးခဲ့ပြီနော်။

ကဲ....ဒါဖြင့် ကလေးတို့ကို မေးမယ်၊ ဘုရင့်ပစ္စည်းတွေ ဘယ်သူခိုးတာလဲ၊ ဖြေတတ်ကြရဲ့လား၊ ဘုရင်နဲ့ အမတ်ကြီးတို့ ခိုးတာပေါ့ ဟုတ်လား။

အင်းပေါ့၊ ဒီတော့....ပဒကုသလက ရှင်ဘုရင်နဲ့အမတ်ကြီးခိုးမှန်း သိနေတာပေါ့၊ ပြောရမှာကလဲ ခက်သားမဟုတ်လား။

တော်ကြာ ဘုရင်ကို သူခိုးလို့ပြောလိုက်ယင်၊ အောင်မာ....မင်းက ဘုရင်ကို သူခိုးလို့ ပြောရမယ်လား၊ ဘာလား ညာလားဆိုပြီး သတ်နေပြန်ယင် ဒုက္ခမဟုတ်ဘူးလား ကလေးတို့ရယ်၊ ပြောယင်တော့ သတ်တော့မှာပဲလို့ ပဒကုသလက သိတဲ့အတွက်ကြောင့် ဘုရင်ကို အရိပ်အငွေ့လောက်ပဲ သိအောင်လို့ဆိုပြီး ပုံပြောပြသတဲ့။

# သဘင်သည်ပုံပြင်

အရှင်မင်းကြီး၊ ဟို....ရှေးသရောအခါတုန်းက ဗာရာဏသီပြည်ရဲ့ မြစ်တဘက်ကမ်းမှာ သဘင်သည်လင်မယား နေထိုင်ကြတယ်တဲ့၊ ကလေးတို့ရေ၊ သဘင်သည်ဆိုတာ က,တဲ့လူကို ခေါ်တာ။ ခု....ဇာတ်ကတဲ့လူ၊ အငြိမ့်ကတဲ့လူ၊ ရုပ်ရှင်မင်းသမီး၊ မင်းသားတို့ကို သဘင်သည် ခေါ်တယ်၊ မှတ်ထားကြ။

သဘင်သည်လင်မယား တနေ့တော့ ပွဲကထွက်ကြတာပေါ့၊ ပွဲကပြီး ပြန်လာတော့ ပိုက်ဆံတွေ အများကြီးရတယ်၊ သဘင်သည်ယောကျ်ားက ပျော်တာနဲ့ပေါ့၊ ပိုက်ဆံတွေက အများကြီးရလာတာ မဟုတ်လား၊ ပျော်တာနဲ့ အရက်ဝယ်ပြီး သောက်တယ်ဘုရား။

အရက်သောက်တော့ မူးလာတာပေါ့ အရှင်မင်းကြီး၊ အရက်မူးနေတော့ ဘာမှမသိပဲ သူတီးနေကျ စောင်းကြီးကို လည်ပင်းမှာဆွဲပြီး မြစ်ထဲ ဆင်းသွားတယ်၊ သူ့မိန်းမကိုလဲ....

"လာ….ရှင်မ၊ တို့ပွဲက ထွက်ကြရအောင်လို့ ခေါ်ပြီး ရေထဲ ဆင်းသွားတဲ့အခါ တဖြည်းဖြည်းနဲ့ ရေနက်ပိုင်းရောက်လာပြီး စောင်းထဲ ရေတွေဝင်သတဲ့ ဘုရား။

စောင်းထဲ ရေတွေဝင်ပြီး လှူလဲ တဖြည်းဖြည်းနစ်လာပါတယ်၊ ပြန်ထဖို့ ကြိုးစားတဲ့အခါ စောင်းထဲမှာ ရေတွေဝင်နေတဲ့အတွက် မထနိုင်ပဲ ရေနစ်ပါတယ် အရှင်မင်းကြီး။

မိန်းမလုပ်သူမှာလဲ မိမိယောကျ်ား ရေနစ်နေတာကို မြင်တဲ့အခါ ကမ်းနားကရပ်ပြီး….

"ကို….ပါဌ်လိလို့ သူ့ယောကျ်ားနာမည်ကို ခေါ်လိုက်တယ်၊ သဘင်သည် ပါဋလိမှာလည်း မိန်းမခေါ်တာ မကြားတော့ဘူး၊ ရေထဲက တခါပြန်ပေါ်လာတဲ့အခါ သူ့ဗိုက်ထဲမှာ ရေတွေဝင်နေပြီး ဗိုက်ကြီး ဖောင်းကားနေတာကို သူ့မိန်းမက မြင်ရသတဲ့ ဘုရား။

ဒီတော့ သူ့မိန်းမက အောင်းမေ့တယ်တဲ့ အရှင်ဘုရား။

"အင်း….ငါ့ယောကျ်ားတော့ သေတော့မှာပဲ၊ ဗိုက်ထဲ ရေတွေလဲ ဝင်ကုန်ပြီ၊ သူ သေသွားယင် ငါတော့ ခက်ပြီ၊ လုပ်ကျွေးမယ့်သူလဲ မရှိဘူး" အဲဒီလို အောင်းမေ့လိုက်တာနဲ့ သူ့ယောကျ်ားကို လှမ်းပြီး ခုလို ပြောပါသတဲ့ ဘုရား။



[စောင်းသမား ရေထဲဆင်းပုံ]

ငါ့ရဲ့ ချစ်မဝတဲ့လင်ယောကျ်ား ပါဋလိ၊ သင်သည် မြစ်ရေနစ်မွန်းလို့ သေတော့မှာ အမှန်ဖြစ်ပါတယ်၊ သင်သေသွားယင် ငါ ဘယ့်နှယ်လုပ်ပြီး နေရပါ့မလဲ၊ သင် အသက်ရှင်နေယင် ငါ့ကို လုပ်ကျွေးတဲ့သူ ဖြစ်ပါတယ်၊ သင် အခု သေတော့မှာ အမှန်ပဲ။

သင်သေယင် ငါ့ဖွာသာငါ လုပ်စားရတော့မယ်၊ ဒီတော့ ငါ့ကို သီချင်းလေးတပုဒ်လောက် သင်ပေးခဲ့ပါအုံး ပါဋလိရဲ့"လို့ ငိုယင်း ပြောပါသတဲ့ ဘုရား။

သူ့မိန်းမအသံကို ပါဋ္ဌလိ ကြားတော့ နင့်ကို သီချင်းသင်ပေးဖို့ နေနေသာသာ ငါခု....ရေနစ်လို့ သေရတော့မယ်၊ လူတွေရဲ့ အသက်သခင် ကျေးဇူးရှင်ဖြစ်တဲ့ ရေက ငါ့ကို သတ်နေပြီလို့ ပြန်ပြောပါသတဲ့ အရှင်မင်းကြီး။

မြတ်သောမင်းကြီး ဒီဝတ္ထု ဇာတ်လမ်းလေး၏ အဓိပ္ပာယ်သည် လူတို့ရဲ့ အသက်သခင်ဖြစ်တဲ့ရေက မိမိကို သတ်သကဲ့သို့၊ ထို့အတူ အရှင်မင်းကြီးသည်လည်း လူတို့ရဲ့ကိုးကွယ်ရာ ဖြစ်ပါတယ်။

"အရှင်မင်းကြီးတို့ထံမှ လာမဲ့ဘေးကို ကြောက်တဲ့အတွက် သူခိုးကို မပြောကြားပါရစေနဲ့"လို့ ပဒကုသလက တောင်းပန်ရှာလေသတဲ့ ကလေးတို့ရေ။

ဘုရင်ကြီးကလဲ၊ "မောင်မင်း ပဒကုသလ၊ ငါမေးတာကိုပဲ ပြော၊ သူခိုးဟာ ဘယ်သူလဲ၊ မင်းပြောတဲ့ပုံရဲ့ အဓိပ္ပာယ်သဘောကို ငါမသိဘူး"လို့ ပြောပြန်တယ်။

ပဒကုသလကလဲ ဘုရင်ခိုးတယ်ပြောရမှာ ကြောက်တာနဲ့ နောက်ဆက်ပြီး ပုံပြင်တခုကို ပြောပြပြန်သတဲ့။

* * *

# မီးပုံပြင်

ကလေးတို့ရေ....ပဒကုသလက ခုလို မီးပုံပြင်ကို ပြောပြပါတယ်။

တရံရောအခါ အိမ်တအိမ်ကို မီးစွဲလောင်နေပါတယ်၊ မီးလောင်ခံရတဲ့ အိမ်ရှင်က သူ့ပစ္စည်းတွေကို နှမြောလို့အိမ်ထဲဝင်ပြီး သူ့ပစ္စည်းတွေကို ဝင်သယ်ပါသတဲ့ဘုရား....။

အဲဒီလူ အိမ်ထဲဝင်ပြီး ပစ္စည်းတွေ ထုပ်ပိုးနေတုန်း....အပေါက်ဝကို မီးစွဲလောင်လာတဲ့ အတွက် အဲဒီလူဟာ ထွက်မရပဲ မီးတွေပူ၊ မီးခိုးတွေ မွန်နေပါသတဲ့၊ ထွက်လို့လဲ မရတဲ့အခါမှာ ခုလိုငိုပါသတဲ့....။

"ထမင်းချက်တဲ့ နေရာမှာလဲ အရှင်မီးကို အားကိုးရပါတယ်၊ ချမ်းအေးတဲ့အခါမှာလဲ အရှင်မီးကိုပဲ အားကိုးရပါတယ်၊ ခုတော့ အလွန်အားကိုးရတဲ့မီးဟာ ငါ့ကို လောင်မြိုက်ပါတဲ့ အတွက်ကြောင့် ငါသေရပါတော့မယ်"လို့ ငိုပါသတဲ့။ အရှင်မင်းကြီး....



[မီးနှင့် လူသခး]

ဒီပုံပြင်ကို ထောက်ထားပြီး မီးကဲ့သို့ လူများ အားကိုးရပါတဲ့ လူတယောက်သည် ရတနာများကိုခိုးတယ်လို့ ပြောရမှာခက်ပါတယ်၊ ဒါကြောင့် အရှင်မင်းကြီး သူခိုးကိုဘယ်မှာလဲလို့ ကျွန်ုပ်ကို မမေးပါနဲ့ဘုရား"လို့ ပဒုကုသလက လျှောက်ထားပြန်တဲ့အခါ၊ ဘုရင်က ရှေ့နည်းအတူပဲ သူခိုးကို ပြခိုင်းပြန်သတဲ့၊ ဒါနဲ့ ပဒုကုသလက နောက်ထပ် ပုံပြင်တခုကို ပြောပြပါတယ်။

# ထမင်း ပုံ ပြင်

ကလေးတို့ရေ....ပဒုကုသလ ပြောပြတဲ့ ပုံပြင်လေးကတော့....

မြတ်သောမင်းကြီး....၊ရှေးအခါက လူတယောက်ဟာ အလွန်အကျူး ထမင်းများကို စားလိုက်တဲ့အတွက် မအိမသာဖြစ်ကာ ထမ်းပိုးနင့်ပြီး သေမတတ်ဖြစ်ရပါတယ်ဘုရား....။

ဒီအခါ ထမ်းပိုးနင့်တဲ့သူက ခုလိုပြောပါတယ်....

"လူတွေ - သတ္တဝါတွေ အသက်ရှင်ရသော ဒီထမင်းသည် အခုငါ့ကို သတ်နေပါတကား"လို့ ညည်းတွားပါတယ်။

"ဒီပုံပြင်ဝတ္ထုကို ထောက်သောအားဖြင့် အရှင်မင်းကြီးဟာ သူခိုးကို ကျွန်ုပ်ဖေါ်ပြခြင်းအတွက် ဘယ်အကျိုးရှိမှာလဲ"လို့ ပဒုကုသလက လျှောက်ထားတဲ့အခါ....

"ပုံပြင်ရဲ့အဓိပ္ပာယ်ကို ငါမသိဘူး၊ သင်စွမ်းနိုင်ယင် သူခိုးကိုပြတော့"ဟု အမိန့်ထားပြန်ပါသဖြင့် ပဒုကုသလက ပုံပြင်တခု ထပ်ပြောပြန်ပါတယ်။

* * *

ပဒကုသလ ပြောတဲ့ ပုံပြင်လေးက လေပုံပြင်ဖြစ်တယ် ကလေးတို့ရယ်။

မြတ်သောမင်းကြီး....၊ရှေးအခါက ရွာတရွာမှ ယောကျ်ားတယောက်ဟာ ထမင်းဆာတဲ့အတွက် ဗိုက်အောင့်တဲ့ လေနာရောဂါ ဖြစ်ပါသတဲ့၊ လေရောဂါဟာ ပြင်းထန်လွန်းတဲ့အတွက် သေမတတ်ခံစားနေရပါတယ်ဘုရား....။

ဒီအခါ လေအောင့် လေထိုး ခံနေရတဲ့ ယောကျ်ားက ခုလိုညည်းညူပါသတဲ့ဘုရား....။

"လောက လူသတ္တဝါအပေါင်းတို့ရဲ့ အသက်သခင် ကျေးဇူးရှင်ဖြစ်သော လေဟာ အစတုန်းက ငါ့ကို ကောင်းကျိုးပြုခဲ့ပေမယ့် ခုတော့ ငါ့ကိုနှိပ်စက်ပါတယ်"လို့ ညည်းညူပါသတဲ့ဘုရား....။

အရှင်မင်းကြီးဟာလဲ လောကလူအပေါင်းရဲ့ အသက်သခင်ဖြစ်ပါတယ်၊ ဒီဥပမာကို ဆင်ခြင်ပြီး သူခိုးကို အလိုမရှိပါနဲ့ဘုရား"လို့လျှောက်ထားပါတယ်။

ဘုရင်မိုက်ဟာလဲ "မောင်မင်း....၊မင်းရဲ့ဥပမာ ငါမသိဘူး၊ သူခိုးကိုသာ ငါ့ကို ပြောကြားပါ"လို့ ပြောနေပြန်တဲ့အတွက် ပဒကုသလဟာ နောက်ပုံပြင်တခုကို ထပ်ပြောပါတယ်ဆိုပဲ....။

# သစ်ပင်နဲ့ ငှက်တို့ပုံပြင်

အဲဒီပုံပြင်ကတော့ သစ်ပင်နဲ့ ငှက်ပုံပြင်ပဲ ကလေးတို့ရေ။

ရှေးအခါက တောကြီးထဲမှာ သစ်ပင်ကြီးတပင်ဟာ အသီးအပွင့်များနဲ့ လှပဝေဆာနေပါတယ်၊ ဒီသစ်ပင်ကြီးရဲ့ အသီးအပွင့်တို့ကို ငှက်များ လာရောက်စားသောက်ပြီး ပျော်မြူးနေပါတယ်တဲ့....။

ဒီလိုနဲ့နေလာကြယင်း တနေ့မက တရက်မက တိုက်ခတ်တဲ့လေကြောင့် သစ်ပင်ကြီးက ကိုင်းနှစ်ခုတို့ဟာ တခုနဲ့တခု ပွတ်တိုက်လျက်ရှိနေတဲ့အတွက် ပွန်းပဲ့နေပါတယ်။

ပွတ်တိုက်နေတဲ့ နေရာဟာ တဖြည်းဖြည်းပူလာပြီး မီးပွားတွေဖြစ်ပြီး အဲဒီမီးပွားတွေဟာ အောက်ကို တဖွားဖွားကျလာပါတယ်ဘုရား....။

မီးပွားတွေကို ငှက်များကမြင်တော့ ခုလိုပြောပါသတဲ့....။

"အို ငှက်အပေါင်းတို့....တချိန်တုန်းက ဒီသစ်ပင်ကြီးဟာ တို့ကို အစာလဲ ကျွေးတယ်၊ နားနေရအောင်လဲ နေရာပေးတယ်၊ ခုတော့ ဒီသစ်ပင်ကြီးဟာ မီးပွားတွေ ထွက်ကျလာ

နေတယ်" လို့ပြောကြပြီး ငှက်အပေါင်းတို့ဟာ သေမှာကြောက်တဲ့အတွက် သစ်ပင်ကြီးဆီကို မသွားပဲ အခြားသစ်ပင်များရှိရာကိုသာ သွားကြပါတယ်။

"အရှင်မင်းကြီး....ငှက်တို့ ကိုးကွယ်အားထားရာ သစ်ပင်ဖြစ်သလို အရှင်မင်းကြီးဟာလဲ လူတို့ကိုးကွယ်ရာ ဖြစ်ပါတယ်၊ ဒါ့အတွက်ကြောင့် အရှင်မင်းကြီးဟာ သူခိုးဖြစ်ပါယင် ဘယ်သူ တတ်နိုင်ပါ့မလဲဘုရား၊ သူခိုးကို ဖမ်းယူခြင်း အလိုမရှိပါနဲ့"လို့ ပြောဆိုခဲ့ပါသော်လဲ မင်းကြီးဟာ သူခိုးကိုပဲ အရဖော်ခိုင်းနေပြန်ပါတယ်။

ပဒကုသလဟာ နောက် ပုံပြင်တခုကို ပြောပြပြန်ပါသတဲ့။

ယောက္ခမနှင့် ချွေးမ ပုံပြင်ကို ဟာလို ပြောပြပြန်ပါတယ်သတဲ့ ကလေးတို့ရယ်။

အရှင်မင်းကြီး....ရှေးအခါက ရွာတရွာမှာ ဆင်းရဲသား လင်မယားနှစ်ယောက် ရှိပါတယ်၊ သူတို့လင်မယားနှစ်ယောက်ဟာ တဦးတည်းဖြစ်တဲ့ သားလေးတယောက် မွေးဖွားကြပါသတဲ့။

တနေ့တော့ ဖခင်မှာ သေဆုံးသွားခဲ့ပါတယ်၊ ကျန်ခဲ့တဲ့ သားအမိနှစ်ယောက်ဟာ တွဲတိတွဲမြီး လုပ်ကိုင်စားသောက်နေရပါတယ်။ သားလေးမှာလဲ အသက်အရွယ် ရောက်လာတော့ အမေက တနေ့မှာ သားကို ပြောပါတယ်။

လူလေး....သားမောင်လှ၊ သားဟာ အရွယ်ရောက်ပြီး လူပျိုင်းတို့ရဲ့ ထုံးစံမှတာ သဘောအရ သားကို ဟိုရွာထိပ်က ဒေါ်ပုရဲ့သမီး မကြူလေးနဲ့ ပေးစားဖို့ အမေကို စီစဉ်နေကြတယ်လို့ ပြောတော့....

"အမေကလဲ မဟုတ်တာ၊ သား မိန်းမ မယူချင်သေးဘူး အမေရယ်" လို့ သားမောင်လှ က ငြင်းဆန်ပါသတဲ့ အရှင်မင်းကြီး။

အမေလုပ်သူကလည်း ဘယ်လိုပဲငြင်းပေမယ့် အရွယ်ရောက်လာတဲ့သားကို အိမ်ထောင် ရက်သား နေရာချပေးချင်လို့ အတင်း တိုက်တွန်းပါတယ်။

"သားရယ် အမေတို့လူကြီးတွေ လုပ်ထားတဲ့ကိစ္စ သား မငြင်းဆန်နဲ့၊ ဒေါ်ပုတို့ ဆို တာဟာလဲ အမေတို့လိုပဲ အမေ့တခု သမီးတခုဆိုတော့ တဦးနဲ့တဦး နာစရာ မရှိကြပါဘူး၊အတူ တူပဲဥစ္စာ၊ နောက်ပြီး သားဟာ အင်မတန်ရိုးသားသူပဲ၊ အများနည်းတူ သမီးရိုးစားဆို တာလဲ ထားတတ်တာမှ မဟုတ်တာ၊ အမေ ပေးစားတဲ့မိန်းမကို ယူပါ" လို့ ဆိုပြီး မိန်းမ ပေးစားလိုက်တယ် အရှင်မင်းကြီး။

မောင်လှနဲ့ မကြူတို့ လင်နဲ့မယားတို့ဟာ အမေ့အိုကြီးနှစ်ယောက်ကို ခေါ်ထားကာ လုပ်ကျွေးနေကြပါသတဲ့၊ နှစ်များကြာလာတော့ သားငယ်သမီးငယ်များ ရရှိကြပြီး သား ဝတ်သမီးဝတ်ဆိုတာများနဲ့ အလုပ်ရှုပ်စ ပြုနေပါတယ်။

တနေ့တော့ မကြူက သူ့ယောကျ်ား မောင်လှကို....



[လင်မယားနှစ်ယောက်]

"ကိုလှ....ရှင့်အမေဟာ ဗျစ်တောက်ဗျစ်တောက်နဲ့ နားပူတယ်၊ ရှင့်အမေကို ပစ်မလား၊ ကျွန်မကို ပစ်မလား"လို့ မေးတဲ့အခါ၊ မောင်လှဟာ သားသမီးများကို ချစ်တဲ့အတွက် အကြံရခက်နေတယ်၊ ဒါပေမယ့် မထူးပါဘူးဆိုပြီး....

"ကဲ....ငါ့အမေကိုပဲပစ်မယ်၊ ဘယ်လိုလုပ်ရမလဲ" မေးတော့ မကြူက....

"မဆန်းပါဘူး၊ ညကျယင် ချောင်းထဲသွားပြီး ပစ်လိုက်၊ ချောင်းထဲရောက်ယင် မိချောင်းစားပြီး သေသွားမှာပေါ့"ဆိုတဲ့အခါ။ သူတို့လင်မယား သဘောတူညီကြပြီး ညရောက်အောင် စောင့်နေကြတယ်တဲ့ ဘုရား။

ညဦးရောက်တော့ မောင်လှက....

"မကြူ၊ အမေ ဘယ်မှာအိပ်သလဲ"မေးပါတယ်၊ မကြူက....

ကျွန်မအမေ ရှင့်အမေနဲ့ တူတူအိပ်တယ်လို့ ပြောတဲ့အခါ....

"ကောင်းပြီ၊ နင့်အမေတို့အိပ်တဲ့အခါ နင့်အမေနဲ့ငါ့အမေ မမှားရအောင် သူတို့ အိပ်တဲ့ခုတင်ကို ကြိုးနဲ့ ချည်ထား"လို့မှာ ထားတယ်တဲ့ဘုရား။

သူတို့လင်မယားဟာ ညသန်းခေါင်ရောက်တဲ့အထိ စောင့်ယင်း အိပ်နေကြပါတယ်။ မောင်လှက မအိပ်ပဲနေပြီး မကြူအိပ်တဲ့အခါ စောစောကချည်ထားတဲ့ မောင်လှအမေ ကကြိုးကို မကြူအမေခုတင်ကို ပြောင်းချည်ထားလိုက်ပါတယ်။

ညသန်းခေါင် လူတွေအိပ်တဲ့အချိန်ရောက်တော့ မကြူနဲ့ မောင်လှတို့ လင်မယား နှစ်ယောက်ဟာ စောစောတုန်းက ချည်ထားတဲ့ ကြိုးအမှတ်အသားရှိတဲ့ ခုတင်ကိုထမ်းကြပြီး ချောင်းထဲ သွားပစ်လိုက်ကြပါတယ်။

မနက်မိုးလင်းတော့ မကြူအမေ မရှိတော့ဘူး၊ ချောင်းထဲက မိချောင်းတွေ စားသောက်လိုက်ကြပါတယ်၊ ဒီအခါ မကြူက....

"အင်း....ငါ့အမေတော့ မချော်လင့်ပဲ သေသွားပြီ" ကျန်တဲ့ အဖွားကြီးကို သတ်ရတော့မယ်ဆိုပြီး....

"ကိုလှ....ကျုပ်အမေတော့ သေပြီ၊ ရှင့်အမေလဲ သေအောင်သတ်ပါ"လို့ ပြောပါတယ်ဘုရား။

ကဲ....ကလေးတို့ရေ၊ သတ်တဲ့သူကတယောက်၊ သေသွားတဲ့သူက တယောက်ဆိုတာ ကလေးတို့ သိကြမှာပေါ့နော်။

ကဲ....နင့်သဘောပဲ၊ အမေ့ကို ဘယ်လိုသတ်မလဲ မေးတဲ့အခါ မကြူက....

"လွယ်ပါသတော်၊ ညကျယင် သင်္ချိုင်းကို ထမ်းသွားပြီး မီးရှို့သတ်ကြတာပေါ့" ဆိုတာနဲ့ သူတို့လင်မယား ညဘက်ကျယင် မီးရှို့ဖို့ အစီအစဉ်လုပ်ယင်း စောင့်နေကြပါတယ် သတဲ့ အရှင်မင်းကြီး။

ညဘက် လူခြေတိတ်ချိန် အိပ်နေတဲ့ အမေအိုကို လင်မယားနှစ်ယောက်ဟာ သင်္ချိုင်းထဲကို ထမ်းသွားကြပါတယ်၊ သူတို့လက်ထဲမှာလဲ သင်္ချိုင်းထဲကျယင် မီးရှို့ဖို့ ရေနံဆီပုံးကို ကိုင်သွားကြပါတယ်။

မကြာခင် သူတို့ သင်္ချိုင်းထဲရောက်တဲ့အခါ အမေအိုကို အောက်မှာချပြီး ခုတင် အောက်မှာ သစ်ရွက် သစ်ကိုင်းခြောက်များ ရှာကြပြီး စုပုံကာ မီးရှို့ရန်အတွက် ရေနံဆီ လောင်းကြပါတော့တယ်ဘုရား။

အမေအိုဟာလဲ သင်္ချိုင်းလွင်ပြင်က လေအေးတိုက်လာတဲ့အတွက် နိုးလာပြီး....

"ဟင်....ငါ ဘယ်ရောက်နေပါလိမ့်"လို့ အောင်းမေ့တဲ့အခါ မျက်လုံးကို အသာ လေးဖွင့်ကြည့်ပြီး အကဲခတ်လိုက်တယ်တဲ့ ဘုရား။

ဒီတော့ အမေအိုက သူ သင်္ချိုင်းမှာ ရောက်နေတာကိုလဲ သိတယ်၊ သားနဲ့ချွေးမတို့လဲ တကုပ်ကုပ် ဘာများလုပ်နေပါလိမ့်လို့ သူတို့ ပြောတာဆိုတာ လုပ်တာကိုင်တာကို အကဲခတ်နားထောင်ပါသတဲ့။

သူတို့လင်မယားဟာလဲ ထင်းရှာရ၊ ရေနံဆီလောင်းရနဲ့ အလုပ်ရှုပ်နေတာကို အမေအိုက ကောင်းကောင်း မြင်နေ ကြားနေရပါသတဲ့။

နောက် သူတို့ မီးရှို့ကာနီးတော့ မီးချစ် ပါမလာကြဘူး၊ သူယူနိုးနိုး၊ ကိုယ်ယူနိုးနိုးနဲ့ မီးချစ်ကျန်တော့ မောင်လှက ပြောတယ်။

"နင် မီးချစ်သွားယူချေဟာ"လို့ ပြောတော့ မကြူက....

ကျွန်မ သွားမယူရဲဘူး၊ သင်္ချိုင်းနဲ့ ရွာနဲ့ဟာ အဝေးကြီးသွားရတာ၊ ရှင်သွားယူတဲ့ အခါလဲ ကျွန်မ ဒီမှာ မနေရဲဘူး၊ ရှင်ရောကျွန်မရော နှစ်ယောက်စလုံးသွားယူမယ်ပြောပြီး သူတို့နှစ်ယောက် အတူတူ မီးချစ် သွားယူပါသတဲ့။

ဒီတော့မှ အမေအိုဟာ ခုတင်ပေါ်ကဆင်းပြီး သစ်တုံးတခုကို အလွယ်တွေ့တာနဲ့ ခုတင်ပေါ်တင်ပြီး စောင်ခြုံထားလိုက်ပါတယ်။

၅ အမေအိုက အုတ်ဂူတခုထဲဝင်ပြီး ပုန်းနေလိုက်ပါသတဲ့ အရှင်မင်းကြီး။

လင်မယားနှစ်ယောက်ဟာ မီးချစ်ယူပြန်လာပြီး အမေအိုကို မီးတင်ရှို့တဲ့အခါ သင်္ချိုင်းတခုလုံး ထိန်ထိန်လင်းသွားပါတယ်။

အမေအိုဟာ မီးရောင်နဲ့ မိမိနားမှာ အထုပ်တခုကို တွေ့ရပါတယ်၊ အဲဒီအထုပ်ကို ဖြည်ကြည့်တဲ့အခါ ရွှေတွေဖြစ်နေတဲ့အတွက် ဝမ်းသာသွားတာပေါ့။

မီးရှို့တဲ့ လင်မယားနှစ်ယောက်လဲ မကြာခင် ရွာထဲကို ပြန်သွားကြပါတယ်။

မီးဟာလဲ အားလုံးလောင်ပြီးတော့ ငြိမ်းပြီးသေသွားတဲ့အခါ၊ သင်္ချိုင်းကုန်းတခုလုံး မှောင်နေပါတယ်၊ အမေအိုလဲ မကြောက်မရွံ့ တယောက်ထဲ ဂူအခေါင်းဝမှာ ထိုင်နေရှာပါသတဲ့။

နောက် မကြာခင် အမေအိုဟာ သူ့လက်ကို တစုံတခု လာထိမိတဲ့အတွက်....

"ဟင်"....လို့တလုံးထဲ အသံထွက်အောင်ပြောလိုက်ပြီး လှည့်ကြည့်တဲ့အခါ လူတယောက်ဟာ ရွာဘက်ကို တအားပြေးထွက်သွားတာ မြင်လိုက်ပါသတဲ့။

အမှန်မှာ ရွာဘက်သို့ပြေးသူဟာ သူခိုး၊ သူဝှက်ထားတဲ့ပစ္စည်း လာယူတဲ့ အခါ အမေ့အိုမှာလဲ သင်္ချိုင်းက လေအေးတိုက်ခတ်တဲ့အတွက်ကြောင့် လက်တွေခြေတွေ အေးနေ တာပေါ့၊ သူခိုးဟာ သူ့အထုပ်ကို အမှောင်ထဲမှာ ရှာဖွေစမ်းယင်း အမေအိုလက်ကို ကိုင်မိ

တော့ လက်အေးကြီးနဲ့ ထိမိပြီး တစ္ဆေခြောက်တယ်၊ သူ့ပစ္စည်း တစ္ဆေယူထားတယ်မှတ်ပြီး အထင်နဲ့ ရွာထဲကို ပြေးကာ ဆေးဆရာကို ခေါ်ပါသတဲ့။

မကြာခင် ဆေးဆရာနဲ့ သူခိုးတို့ဟာ သင်္ချိုင်းကုန်းကို ပြန်ရောက်လာကြပြီး ဆေးဆရာက ရွှေထုပ်ရှိတဲ့ဂူနား သွားလိုက်တယ်၊ သူခိုးကတော့ အနားမကပ်ရဲတဲ့အတွက် ခပ်ဝေးဝေးကပဲ စောင့်နေပါတယ်။

ဆေးဆရာဟာ သူတတ်တဲ့ပညာနဲ့ ဆေးကြိမ်လုံးကိုယူပြီး အုတ်ဂူကိုရိုက်တဲ့အခါ အမေအိုက....

"ဟဲ့....ဘာလုပ်တာလဲ"လို့ မေးလိုက်ပြီး အမေအိုကပဲ ဆက်ပြောပြန်တယ်။

"အမေဟာ သရဲတစ္ဆေမဟုတ်ပါဘူး၊ လူပါ၊ ဟောဒီမှာ ရွှေတွေရှိတယ်၊ နင်နဲ့ငါ တဝက်စီယူမယ်"လို့ ပြောတော့ ဆေးဆရာက....

"ခင်ဗျားဟာ လူဟုတ်ရဲ့လား"လို့ မေးလိုက်ပါတယ်၊ ဒီတော့ အမေအိုက....

"လူမှ လူအစစ်ပါ၊ ဒီမှာ လျှာနဲ့သွားနဲ့ နင် စမ်းကြည့်စမ်း"လို့ ပြောပြီး လျှာကို ထုတ်ပြတဲ့အတွက် ဆေးဆရာက လက်နဲ့လျှာကို စမ်းကြည့်လိုက်တဲ့အခါ....

အမေအိုဟာ ဆေးဆရာလက်ကို သွားနဲ့ တခါထဲ ကိုက်လိုက်ပါသတဲ့။



[အမှယ်အိုနှင့် ဆေးဆရာ]

ဆေးဆရာလဲ လက်ကိုအကိုက်ခံရတော့ ကြောက်ပြီး "တစ္ဆေဟဲ့ ငါ့လက်ကိုကိုက်တယ်ဟေ့"လို့ အော်ပြောကာ သူခိုးနဲ့ ဆေးဆရာတို့နှစ်ယောက် တခါထဲ ရွာဘက်ကို ပြေးကြတာ မိုးလင်းတာတောင် ပေါ်မလာကြပါဘူးတဲ့ အရှင်မင်းကြီး။

အမေအိုဟာ နံနက် ငါးနာရီ ခြောက်နာရီခန့်လောက် သင်္ချိုင်းကထွက်ပြီး ရွာနောက်ကမဝင်ပဲ ရွာထိပ်ကနေပြီး ရွာထဲကို ဝင်လာတဲ့အခါ ရွာကလူတွေကလဲ အမေအိုကို အစောကြီးတွေ့မြင်ရလို့ မေးကြ မြန်းကြပါတယ်။

"အမေ ဘယ်ကလာသလဲ၊ အစောကြီးပဲ၊ ဘယ်ကပြန်လာသလဲ၊ လက်ထဲကအထုပ်က ဘာတွေလဲ"လို့ မေးကြတဲ့အခါ....

မုန့်တွေ၊ နင်တို့ စားမလား၊ လာလိုက်ခဲ့လို့ပြောပြီး ခေါ်လာခဲ့ပါသတဲ့။

အမှန်မှာ အမေအိုရဲ့လက်ထဲကအထုပ်ဟာ ညက သင်္ချိုင်းမှာရခဲ့တဲ့ ရွှေထုပ် ဖြစ်ပါတယ်။

အိမ်ရောက်တဲ့အခါ အမေအိုဟာ သားနဲ့ချွေးမကို ရွှေထုပ်ဖြန့်ပြပြီး ပေးလိုက်ပါတယ်၊ ချွေးမလုပ်တဲ့ မကြူးဟာ ဝမ်းသာလွန်းလို့ အမေအိုကို အခုလို မေးလိုက်ပါသတဲ့။

"အမေအိုရယ်၊ ဒီရွှေတွေ ဘယ်လိုလုပ်ပြီး ရခဲ့ပါသလဲ"လို့ မေးတဲ့အခါ အမေအိုက အခုလို ပြန်ဖြေပါတယ်။

"ငါ့သမီး၊ ငါ ညက ခုတင်မှာတင်ပြီး မီးရှို့ခံရပါတယ်၊ မီးတွေငြိမ်းသွားတော့ ငါ ခုတင်ပေါ်ကဆင်းပြီး အောက်ကို ငုံ့ကြည့်လိုက်တဲ့အခါ မီးခဲတွေထဲမှာ ဒီရွှေတွေကို တွေ့မြင်ရတာနဲ့ ယူခဲ့တယ်"လို့ပြောတော့ ချွေးမလုပ်တဲ့မကြီးဟာ လောဘတပ်မက်တဲ့အတွက်ကြောင့် ရွှေတွေ ဒီလောက်ရရုံနဲ့ အားမရနိုင်ပဲ ထပ်ပြီးရအောင် ငါ ကြံအုံးမှပဲလို့စိတ်ကူးပြီး အမေအိုနဲ့ လင် ကိုမောင်လှကို ခုလို ပြောပါသတဲ့ အရှင်မင်းကြီး။

"အမေနဲ့ ကိုမောင်လှ၊ ညကျယင် ကျုပ်ကို မီးရှို့ကြ၊ မနက်ကျယင် အမေအိုလိုပဲ ရွှေတွေယူလာမယ်"ပြောတော့ ယောကျ်ားလုပ်တဲ့သူ မောင်လှကလဲ....

"အေးဟ....ကောင်းတယ်ဟ၊ ဒါမှ တို့ချမ်းသာမှာ"ဆိုပြီး သဘောတူကြတဲ့အခါ သူတို့လင်မယားဟာ ညရောက်ဖို့ စောင့်နေကြပါသတဲ့။

ဒီလိုနဲ့ ညဘက်ရောက်တဲ့အခါ လင်မယားနှစ်ယောက်ဟာ ခုတင် တလုံး ထမ်း ပြီး သင်္ချိုင်းထဲကို လာခဲ့ကြပါတယ်။

သူတို့လင်မယား သင်္ချိုင်းထဲကိုလာနေတာ သင်္ချိုင်းမှာရှိတဲ့ သူရဲတစ္ဆေတို့က မြင်ကြလို့ ခုလို ပြောင်လှောင်ကြတယ်။

"ဟဲ့....လူမိုက်ဒုစရိုက်၊ နင်တို့အကြံဟာ ဖြစ်နိုင်မယ်လား၊ ဟယ်....နင်တို့ တယ်အကြံကြီး တာပဲ"ပေါ့ ဆိုသတဲ့၊ သူရဲတစ္ဆေတွေကပြောတဲ့အသံကိုတော့ သူတို့လင်မယား မကြားကြပါဘူး။

သင်္ချိုင်းရောက်တော့ သူတို့ဟာ မီးရှို့ဖို့ ထင်းတွေဘာတွေကို အများကြီးရှာလိုက်ကြပြီး ခုတင်အောက်မှာ စုပုံထားလိုက်တယ်။

ကိုမောင်လှက ရေနံဆီတွေလောင်းနေတုန်း မကြူဟာ ခုတင်ပေါ်မှာ အခန့်သား ဆန့်ဆန့်ကြီး အမေအိုနေခဲ့သလို နေလိုက်တယ်၊ ကိုမောင်လှက ရေနံဆီတွေလောင်းနေတာကို မကြူက ကြာတယ်ထင်လို့....

"တကထဲမှပဲတော်၊ ရေနံဆီလေးလောင်းတာပဲ ကြာလှချည်လား"လို့ ဆူပူကြိမ်းမောင်းသေးတယ်တဲ့ဘုရား။

ကိုမောင်လှက ရေနံဆီ လောင်းပြီးတဲ့အခါ အသင့်ယူလာတဲ့မီးချစ်နဲ့ မီးတင်ရှို့တော့ မီးတောက်ကြီးဟာ သင်္ချိုင်းတခုလုံး ထိန်လင်းနေပါတယ်။

မီးကောင်းကောင်းတောက်တဲ့အတွက် ကိုမောင်လှဟာလဲ အိမ်ကို ပြန်လာပါတယ်။

မနက်မိုးလင်းတဲ့အခါ အမေအိုလာခဲ့တဲ့ လမ်းဘက်ကို ကိုမောင်လှ လှမ်းမျှော်ကြည့်နေ



[မီးလောင်နေသော ဇနီးသည်အား ကြည့်နေပုံ]

ခဲ့တယ်၊ ဒါပေမယ့် မိုးလင်းတဲ့အခါ သူ့မိန်းမ မကြူ ပေါ်မလာပါဘူး၊ ခုနစ်နာရီ၊ ရှစ်နာရီ ထိလဲ ပေါ်မလာတဲ့အတွက်....

"အမေ၊ မကြူလဲ ပြန်မလာဘူး၊ ဘယ်သွားနေသလဲမသိဘူး"လို့ ပြောတော့ အမေအိုက....

"ငါ ဘယ်သိမလဲ၊ နင် သင်္ချိုင်းသွားကြည့်ပေါ့"ပြောတော့....

ကိုမောင်လှဟာ သင်္ချိုင်းကို သွားကြည့်ပါသတဲ့ အရှင်မင်းကြီး။

ကိုမောင်လှဟာ ညက မီးရှို့ထားတဲ့ ပြာပုံပေါ်မှာ သူ့မိန်းမ မကြူရဲ့ ခေါင်းခွံဟာ မီးကျွမ်းလျက် တွေ့ရပါတော့တယ်။

"မြတ်သောမင်းကြီး။ ဒီဝတ္ထုဇာတ်ကြောင်းသဘောသွားကို ဆင်ခြင်၍ မှတ်တော်မူပါ"လို့ ပဒကုသလက လျှောက်ထားပြန်ပါသော်လည်း ဘုရင်က....

"အမောင်....သင်လျှောက်ထားတဲ့အကြောင်းကို ငါမသိ၊ ငါ့ကို သူခိုးဖမ်းပေး"ဟု ဘုရင်ဟာ အဖန်တလဲလဲ ပြောကြားနေတဲ့အတွက် ပဒကုသလဟာ နောက်ပုံပြင်တခုကို ထပ်ပြောဆို လျှောက်ထားပြန်ပါတယ်။

* * *

## အဖေနဲ့သားပုံပြင်

ကလေးတို့ရေ....ပဒကုသလက မင်းကြီးကို နောက်ဆုံး လျှောက်ထား ပြောဆိုတဲ့ပုံပြင်လေးကတော့ အဖေနဲ့သား ပုံပြင်ပဲဖြစ်တယ်။

မြတ်သောမင်းကြီး၊ ဟိုရှေးအခါတုန်းက သား အဖ နှစ်ယောက်ရှိပါတယ်တဲ့၊ သားလေးမှာ ငယ်ရွယ်သော ကလေးငယ်မျှသာ အရွယ်ရှိတဲ့အတွက် ဖခင်မှာ အင်မတန် မိမိရဲ့ သားလေးကို ချစ်တဲ့အတွက် ဘာမဆိုအလိုလိုက်ပြီး ပြုစုမွေးမြူကျွေးမွေးခဲ့ပါတယ်။

သားငယ်ဟာ ဖခင်ရဲ့ကျွေးမွေးပြုစုယင်း ကြီးပြင်းလာခဲ့ရပါတယ်။ အရွယ်ရောက်လာသောအခါ ဖခင်လုပ်သူမှာ အမျိုးသမီးတဦးနဲ့ ထိမ်းမြားပေးစားလိုက်တဲ့အတွက်ကြောင့် လူ့ပျိုဘဝမှ အိမ်ထောင်ရှင်ဖြစ်ကာ မိမိချစ်ဇနီးနဲ့ လုပ်ကိုင်စားသောက်ပြီး ပျော်ပျော်ရွှင်ရွှင်နဲ့ နေကြပါသတဲ့အရှင်မင်းကြီး။

ဒီလိုနေလာယင်း တရွေ့ရွေ့နဲ့ နှစ်များကြာညောင်းခဲ့သမို့ အဖေလုပ်သူမှာ တဖြည်းဖြည်း အိုမင်းရင့်ရော်ကာ အဘိုးအိုဘဝကို ရောက်ရှိလာပါတော့တယ်၊အလုပ်အကိုင်များကိုလည်းဘာမဆိုမယ်မယ်ရရ မလုပ်မကိုင်နိုင်တဲ့အခါ သားလုပ်သူက ဒီလိုပြောပါသတဲ့....

အဘိုးကြီး ဘာမှလဲ မလုပ်မကိုင်နိုင်ဘူး။ ဒီတော့ ကျုပ်အိမ်မှာ မနေနဲ့ဆိုပြီး နှင်ချလိုက်တဲ့အခါ အဘိုးအိုခမျာ တောင်ဝှေးလက်တွဲကာ လမ်းလည်လျှောက်ပြီး အိမ်တကာ့အိမ်အိပ်ကာ၊ လည်တောင်းရမ်းစားနေရပါသတဲ့။ ဒီတော့ အဘိုးအိုဟာ ငိုယိုပြီး အခုလိုပြောကြားပါတယ်။

"ငါ အင်မတန် ချစ်လှတဲ့ သားကလေးကို ငါ ငယ်ငယ်ထဲက ကြီးပြင်းလာတဲ့တိုင်အောင် မွေးကျွေး စောင့်ရှောက်ခဲ့ပါသော်လဲ ခုငါ့ကို ငါ့သားလေးက နှင်ထုတ်တဲ့အတွက် ငါ့မှာ ကိုးကွယ်ရာမရှိတော့ပြီလို့ ငိုယိုမြည်တမ်းပါတယ် မင်းကြီး....

အရှင်မင်းကြီး သူ့အိုကို ကျွေးမွေးနိုင် စောင့်ရှောက်နိုင်တဲ့သားလိုပဲ ပြည်သူပြည်သား ရှာသူရှာသားများကို မြတ်သောမင်းကြီးနဲ့ ပုရောဟိတ်ကြီးတို့ဟာ စောင့်ရှောက်နိုင်ပါတယ်။

တခုခု ဘေးတို့ ရန်တို့ဖြစ်တဲ့အခါ သတ္တဝါတို့ကို စောင့်ရှောက်တဲ့ မင်းကြီးရဲ့တာဝန်ဖြစ်ပါလိမ့်မယ်။

'ဒီလူဟာ သူခိုးပဲလို့ အရှင်မင်းကြီး သိတော်မူပါ"လို့ ပဒကုသလက လျှောက်ထားသော်လည်း ဘုရင်သည်....

“သူခိုးကိုသာ ငါ့ကိုပြ၊ မောင်မင်းပြောတဲ့ ဥပမာအဓိပ္ပာယ်တို့ကို ငါမသိ၊ နားမလည်ဘူး”လို့ အတွင်တွင် ငြင်းဆန်နေတယ်တဲ့ ကလေးတို့ရေ....

ပဒကုသလဟာ ရှင်ဘုရင်နဲ့ ပုရောဟိတ်ပုဏ္ဏားကြီးတို့ နှစ်ယောက်ဟာ သူခိုးပဲလို့ ပြောချင်လို့ ပုံပြင်တွေနဲ့အများကြီး ပြောပြနေတယ်နော်....

နောက်ဆုံးမှာတစ်နိုင်တဲ့အခါ ပဒကုသလက ဒီလို ပြောတယ်ဆိုပဲ။

“မြတ်သော မင်းကြီး၊ ဥပမာ ပုံပြင်တွေ အထပ်ထပ်နဲ့လျှောက်ထားပေမယ့် သူခိုးကိုပဲ ပြခိုင်းနေပါတယ်။ အရှင်မင်းကြီးသူခိုးကို တကယ်မြင်ချင်သလား”လို့ မေးတော့။

“ဟုတ်တယ်။ ငါ သူခိုးကိုပဲပြပါ”ပြောတာနဲ့ ပဒကုသလက....

“ကောင်းပြီ သူခိုးပြတော့မယ်။ ဒါပေမယ့် လူတွေအများကြီး ဖိတ်ကြားပါ။ လူပုံအလယ်မှာ သူခိုးကိုပြမယ်”ပြောတာနဲ့၊ မောင်းခတ်ပြီး လူအများတို့ပေါ့။ ဘုရင့်ပစ္စည်းတွေခိုးတဲ့ သူခိုးကို ပဒကုသလကပြတော့မယ် လာကြည့်နိုင်တယ်ပေါ့။ အဲဒီလို မောင်းခတ်တဲ့အခါ....

လူထုပရိတ်သတ်ကြီးဟာ အများကြီး လာကြည့်တယ်ဆိုပဲ စောစောတုန်းက ပစ္စည်းပျောက်ကို ဖော်ယူတဲ့ အခါတုန်းက လာကြည့်တဲ့ လူတွေဟာ မပြန်ကြဘူး။ ဘုရင်က



[ဘုရင်ကြီး၊ ပုရောဟိတ်နှင့် တိုင်းသူပြည်သား လူအများ]

ပဒုကုသလကို သူခိုးပြခိုင်းနေတဲ့အတွက် ပဒုကုသလပုံပြင်ဝတ္ထုတွေအများကြီး ပြောနေတာကို နားထောင်နေကြတယ်။ လာကြည့်တဲ့လူတွေကပေါ့နော်။

နားထောင်တဲ့လူတွေက သူ့ကိုစိတ်ထဲမှာ သိနေကြပြီ၊ ဘုရင်နဲ့ပုရောဟိတ်ပုဏ္ဏားကြီးတို့ နှစ်ယောက် ကိုယ့်ဖာသာကိုယ်ခိုးပြီး သက်သက်ရမယ်ရှာမေးနေတာပဲ။ ဒီလောက်ပုံပြင်ဝတ္ထုတွေ ပြောပြတာတောင် နားမလည်ကြဘူး။ တော်တော်အ,တဲ့သူတွေပဲ'လို့ လူတွေစိတ်ထဲမှာ ထင်နေကြပြီတဲ့....

"ကဲ....ကလေးတို့လဲ၊ သိနေကြပြီလား ဟင်"

အင်း....ဒီတော့ လူထုအလယ်မှာ ပဒုကုသလက....

"ပစ္စည်းခိုးတဲ့ သူဟာ ဒီဘုရင်နဲ့ဒီပုရောဟိတ်ပုဏ္ဏားပဲဖြစ်တယ်။ ဖမ်းကြ၊ ဝိုင်းကြ၊ ရိုက်ပုတ်ကြ"လို့ ပြောတဲ့အခါ လူထုကြီးဟာ သောက်မြင်ကပ်ကပ်နဲ့ ဝိုင်းရိုက် ထိုးကြိတ်လိုက်တာ နေရာမှာပဲ ဘုရင်နဲ့ပုရောဟိတ်ပုဏ္ဏားကြီးတို့ သေသွားတယ်တဲ့....။

နောက်ပြီး ပဒုကုသလကို ဝိုင်းပြီး ရှင်ဘုရင်မြှောက် လိုက်ကြတယ်ဆိုပဲနော်။

ကဲ....ကလေးတို့ရေ ဝတ္ထုဇာတ်ကြောင်းကလေးက ဒါပါပဲကွယ်။

ကလေးတို့ရေ၊ ဒီဝတ္ထုဇာတ်ကြောင်းလေးကို သဘောပေါက် နားလည်ကြပြီနော်။

အင်း...ဒီတော့ ပဒကုသလလဟာ မိခင်ဘီလူးမကြီးရဲ့စကားကိုနားထောင်ပြီး မိခင်က သင်ပေးတဲ့ပညာလေးနဲ့ရှင်ဘုရင် ဖြစ်သွားတယ်မနော်။

ကလေးတို့လဲ ပဒကုသလကဲ့သို့ မိခင်၊ ဖခင်တွေရဲ့စကား၊ ဆရာ၊ ဆရာမတွေရဲ့ စကား နားထောင်ပြီး ပညာသင်ကြယင် လူလိမ္မာဖြစ်မှာ သေချာပါတယ်နော်။

အင်း....ပညာမရှိတော့ အမှား အမှန်ကိုမသိဘူး။ ပညာမရှိပဲ ကံကောင်းလို့ဘုရင် ဖြစ်လာယင် အခက်ခဲတွေကို ရှင်းနိုင်မှာ မဟုတ်ဘူး။ ကလေးတို့မှတ်ထားကြ ပညာဆိုတာ ဘယ်လောက် တန်ဖိုးရှိတယ်ဆိုတာ ဒီဝတ္ထုဇာတ်ကြောင်းလေးတွေဖတ်ယင်း သိတတ်မှတ်တတ် ကြတဲ့ ကလေးငယ်များဖြစ်ကြပါစေလို့ ဆုတောင်းလိုက်ပါတယ်။

ကလေးတို့ရေ အထူးလေး တခုပြောပြအုံးမယ်။

ပဒကုသလလဟာ တို့ဘုရားလောင်းဖြစ်တယ်တဲ့။

ဒီဝတ္ထုဇာတ်ကြောင်းလေးဟာ ငါးရာငါးဆယ် နိပါတ်တော်ထဲက

ပဒကုသလ မာဏဝဇာတ်ဖြစ်ပါတယ်။

ရှိန်းအောင်

# ကလေးများတွက် နိပါတ်တော် ဝတ္ထုများ ပုံတော်စုံအမှတ်(၂)

## ဤစာအုပ်တွင် ပါရှိသော ဝတ္ထုဇာတ်လမ်းများမှ ကောက်နှုတ်ချက်

၁။ ကောဋသိမ္ဗလိဇာတ်။ ။၎င်းဇာတ်ကို မြတ်စွာဘုရားသည် ကိလေသာနှိပ်စက်ခြင်းကို အကြောင်းပြု၍ ဇေတဝန်ကျောင်းတော်မှာ ဟောတော်မူသည်။ အလောင်းတော်မြတ်သည် ထိုအချိန်အခါ၌ ရုက္ခစိုးဘဝ ဖြစ်တော်မူခဲ့သည်။

၂။ စေတိယဇာတ်။ ။၎င်းဇာတ်ကို မြတ်စွာဘုရားသည် ဒေဝဒတ်အား မြေမျိုခြင်းကို အကြောင်းပြု၍ ဇေတဝန်ကျောင်းတော်မှာ ဟောတော်မူသည်။ အလောင်းတော်မြတ်သည် ထိုအချိန်အခါ၌ ကပိလပုဏ္ဏားဘဝ ဖြစ်တော်မူခဲ့သည်။

၃။ ပဒကုသလမာဏဝဇာတ်။ ။၎င်းဇာတ်ကို မြတ်စွာဘုရားသည် တယောက်သောသူငယ်အား အကြောင်းပြု၍ ဇေတဝန်ကျောင်းတော်မှာ ဟောတော်မူသည်။ အလောင်းတော်မြတ်သည် ထိုအချိန်အခါ၌ ပဒကုသလလုလင် ဖြစ်တော်မူခဲ့သည်။*

# ရှိန်းအောင်

ကလေးများတွက် နိပါတ်တော် ဝတ္ထုများ
ပုံတော်စုံ အမှတ်-၂ တွင်

၁။ ကောဏ္ဍသိမ္ဗလိဇာတ်
၂။ စေတီယဇာတ်
၃။ ပဒုကုသလဇာတ်တို့ ပါဝင်ပါသည်။

ပဒုကုသလဇာတ်တွင်....

(က) သဘင်သည်ပုံပြင်
(ခ) မီး ပုံပြင်
(ဂ) ထမင်း ပုံပြင်
(ဃ) လေ ပုံပြင်
(င) သစ်ပင်နှင့် ငှက်တို့ ပုံပြင်
(စ) ယောက္ခမနှင့် ချွေးမ ပုံပြင်
(ဆ) အဖေနဲ့သား ပုံပြင်တို့ ပါဝင်သည်။

ငါးရာငါးဆယ် နိပါတ်တော်မှဖြစ်ပါသည်။

၂၉